ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊နယုန်လပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့၊ (13-6-2004) (၄၂၆၃)

ပူဇာစ ပူဇနေယျာနံ တော် မင်္ဂလ မုတ္တမံ။

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

မြစ်သာတံတား
(ကလေးဝ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ မြစ်သာတံတား(ကလေးဝ)ကို ဖြတ်သန်းကြည့်ရှုကြစဉ်။
(သတင်းစဉ်)

နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ တက်ညီလက်ညီ လုပ်ကိုင်ဆောင်ရွက်အောင်မြင်မှု အသီးအပွင့် မုံရွာ–ယာကြီး–ကလေးဝကားလမ်းသစ်ပေါ်၌ မြစ်သာတံတား(ကလေးဝ) တည်ဆောက်ဖွင့်လှစ် ကလေး–မုံရွာနှင့် ချင်းပြည်နယ်(မြောက်ပိုင်း) ကူးလူးဆက်ဆံသွားလာမှု လျင်မြန်လာမည်

ရန်ကုန် ဇွန် ၁၂

စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် ကလေးဝမြို့အဝင် ကလေး–မုံရွာ ကားလမ်းပေါ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ခဲ့သော မြစ်သာတံတား(ကလေးဝ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့ တက်ရောက်ချီးမြှင့်ကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ P.T. Waagnar Biro.Co,(Indonesia) မှ တာဝန်ရှိသူများ၊ မြစ်သာတံတား(ကလေးဝ)ကို တည်ဆောက်ခဲ့သည့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ကဗျာလွတ်အကအဖွဲ့နှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် ကလေးဝမြို့အဝင် ကလေး–မုံရွာ ကားလမ်းပေါ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ခဲ့သော မြစ်သာတံတား(ကလေးဝ)ကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

၁၃–၆–၂၀၀၄
(တနင်္ဂနွေနေ့)

နိုင်ငံတော် တည်ငြိမ် ငြိမ်းချမ်းမှုမှသည် နိုင်ငံတော်သစ်တည်ဆောက်ရေး အစွမ်းကုန်ကြိုးပမ်း

နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးဖြစ်သည်။ နိုင်ငံတော်အစိုးရက မျက်မှောက်ခေတ်နိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီသည့် မူဝါဒလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ရင်း အနာဂတ်တွင် တည်ဆောက်သွားမည့် နိုင်ငံတော်အတွက် အခြေခံကောင်းများကို ဦးတည်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးရေး၊ အေးချမ်းတည်ငြိမ်ရေး ရရှိရန် ဦးစွာကြိုးပမ်းအားထုတ်ခဲ့သည်။ နိုင်ငံတော်အတွင်း နှစ်ပေါင်း ၄၀ ကျော် ခံစားခဲ့ရသည့် လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းစေရန် တောတွင်းလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေး ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့သည်။ ယခုအခါ လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့သည် နိုင်ငံတော်အစိုးရနှင့် အပြန်အလှန်နားလည်မှု ရယူနိုင်ခဲ့သဖြင့် နယ်စပ်ဒေသအသီးသီးတွင် တည်ငြိမ်အေးချမ်းမှုများ ဖြစ်ထွန်းရရှိနေပြီဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဇွန်လ ၉ရက်နေ့တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ်(၆)နှင့် အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး သြဝါဒစကားမြွက်ကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေးအခြေခံမှုနှင့် စပ်လျဉ်း၍ **နိုင်ငံရေးတည်ငြိမ်မှု၊ ငြိမ်းချမ်းမှုမှသည် ပြည်သူများ၏ အခြေခံလိုအပ်ချက်အထိ ကျယ်ဝန်းသည့် လုပ်ငန်းစဉ်များကို မိမိ ပြည်တွင်းစွမ်းအားဖြင့် တည်ဆောက်နေကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးရေးအခြေခံမူသည် နိုင်ငံတစ်ဝန်းလုံး ညီမျှသည့် ဖွံ့ဖြိုးရေးကို ရှေးရှုထားကြောင်း၊ ထို့ကြောင့်လည်း တစ်နိုင်ငံလုံးတွင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုသတ်မှတ်ပြီး အခြေခံလိုအပ်ချက်များကို တည်ဆောက်လျက်ရှိကြောင်း၊ နိုင်ငံ၏လူဦးရေအများစုနေထိုင်ရာ ကျေးလက်ဒေသ၏ အခြေခံလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း** မြွက်ကြားခဲ့သည်။

ခေတ်မီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်ရေးတို့သည် ပဓာနကျသည့် အခြေခံလိုအပ်ချက်များဖြစ်သည်။

ယခုအခါ နိုင်ငံတော်တစ်ဝန်းလုံးတွင် ငြိမ်းချမ်းသာယာမှုများ လွှမ်းခြုံလျက်ရှိပြီး တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်၌ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကြိုးမာန်တက် လက်တွဲကြိုးပမ်းလျက် ရှိနေကြပြီဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတိုစီမံကိန်းများ ချမှတ်ပြီး နိုင်ငံအတွင်းရှိ စွမ်းအင်နှင့်စွမ်းအားအသီးသီးကို အားပြုအကောင်အထည်ဖော်ခဲ့ရာ အောင်မြင်တိုးတက်မှုများ ရရှိခဲ့သည်။

နိုင်ငံတော်၏စီးပွားရေး ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၀၁–၂၀၀၂ခုနှစ်မှ ၂၀၀၅–၂၀၀၆ခုနှစ်အထိ တတိယကာလတိုငါးနှစ်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

တတိယကာလတို ငါးနှစ်စီမံကိန်း အကောင်အထည်ဖော်မှုများ အရှိန်အဟုန် ရရှိလာသည်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် အခြားစီးပွားရေးကဏ္ဍများလည်း ဖွံ့ဖြိုးစပြုလာပြီဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေးအခြေခံမူသည် နိုင်ငံတစ်ဝန်းလုံး ညီမျှသည့် ဖွံ့ဖြိုးရေးကို ရှေးရှုထားသည်ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်တည်ငြိမ် ငြိမ်းချမ်းသာယာလာခြင်း၏ အနှစ်သာရများကို ထာဝစဉ်တန်ဖိုးထားကြပြီး နိုင်ငံတော်ရေရှည် အကျိုးစီးပွားအတွက် မျှော်မှန်းလျက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များနှင့်အညီ နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် အစွမ်းကုန်ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သုံးလွန်းတင်ကြိုး

✻ တိုင်းပြည်တစ်ခု၊ စုပေါင်းတည်ဆောက်
မျက်မှောက်ပြည်သာ၊ တို့မြန်မာတွင်
ချိန်ခါနှင့်ညီ၊ ရေးဆွဲသည်တည့်
ဝိသေသထူး၊ ဦးထိပ်ပန်အပ်
"မျိုးဂုဏ်မြတ်လျှင်"၊ အကြင်"ဖွဲ့စည်းပုံဥပဒေ"
ဖြစ်လေသည်။

✻ စီးပွားလူမှု၊ ကြောင်းပြုနိုင်ငံရေး
မြော်မြင်တွေးဆ၊ ညွှန်ပြသင်ခန်းစာ
သမိုင်းလာလျှင်၊ တိုင်းတာချိန်ဆ
"လောကပါလ မျှတ တရား"
ကိန်းဝပ်ပွားအပ်။

✻ တစ်ကိုးလေးခွန်(၁၉၄၇)၊ လွန်ပြီး "ခွန်လေး"(၇၄)
သမိုင်းကြွေးလျှင်၊ မဝေးအတိတ်
ကြေးမုံရိပ်က၊ ညွှန်ပြသင်ခန်းစာ
ပြဆိုပါသည်...။

✻ အစကောင်းမှ၊ အနှောင်းသေချာ
ဖြစ်မည်သာပ၊ မကြာခဏ
တပ်ကစောင့်ရှောက်၊ မျိုးဂုဏ်ထောက်၍
မျက်မှောက်ကမ္ဘာ–သိက္ခာနှင့်ယှဉ်
မြော်မြင်တွေးဆ၊ ရေးဆွဲရ၏။

✻ လူမျိုးတစ်မျိုး၊ မိုးထိထိုးဖောက်
ထိပ်တန်းရောက်ခြင်း၊ အကြောင်းရင်းကား
"စည်းကမ်းနှင့်အလုပ်"၊ ပေါင်းထုပ်သေချာ
ရေးရာအနှစ်၊ ကြောင်းကျိုးဖြစ်၍...။

✻ "စည်းကမ်းဖောက်၍၊ ထီးနန်းပျောက်"ဟု
ထုံးပြုဖွဲ့ထား၊ စာ စကားလျှင်
စံထားသက်သေ၊ အခြေသမိုင်း
ရိုင်းလှပါဘိ၊ သတိရှိလော့...။

✻ "ဝံသာနုတရား"၊ နှလုံးပွား၍
နိုးကြားအသိ၊ သတိလက်ယာ
ပညာလက်ဝဲ၊ သဟဲ သဟာ
မိတ်ကြီးစွာထား၊ ညီနောင်သားချင်း
သွေးသားရင်းတို့။

✻ ဘယ်သူခွဲခွဲ၊ ဒို့မကွဲဟု
ဆိုမြဲစကား၊ လက်ကိုင်ထား၍
မြတ်ဘုရားဟော
"တပေါသုခံ–သမဂ္ဂါနံ"၊ ဦးထိပ်ပန်လော့။

✻ သမိုင်းရေးရာ၊ စဉ်လာကြီးမား
ပြည့်စွမ်းအားလျှင်၊ တပ်နှင့်ပြည်သူ
တူညီစိတ်ဝမ်း၊ ထမ်းရွက်အမျှ
နှလုံးလှ၍၊ ရ အလီလီ
အနီအောင်ပွဲ၊ ခြိမ့်ခြိမ့်သဲရှင့်။

✻ ဒို့တွေလွတ်လပ်၊ ထွတ်အမြတ်၏
ထပ်ပွားအကျိုး၊ လူမျိုးချမ်းသာ
စီးပွားမှာလျှင်၊ အကြင်အောင်ပန်း
ဖြစ်တည်လွှမ်းသင့်။

✻ တပ်သည် သွေး–ချွေး–အသက်ပေး၍
စတေးစောင့်ရှောက်၊ ထောက်ထားသမိုင်း
အပိုင်းကဏ္ဍ၊ ဘဝအမှန်
သရုပ်မှန်ကို၊ လုပ်ကြံဇာတ်ထွင်
အဆိုးမြင်၍၊ တွင်တွင်ယိမ်းပါး
မှောက်မှောက်မှားလျှင်၊ သူ့အမြင်ဝါဒ
ဓမ္မမိဋ္ဌာန်၊ လမ်းမမှန်၍
တစ်နေ့တစ်လံ၊ ပုဂံခရီး
နီးလျက်နှင့်ဝေး၊ မြော်ခေါ်တွေးက
မပြေးသော် ကန်ရာရှိလိမ့်မည်။ ။

ဗလမင်းထင်

အလိုတော်ပြည့်ဆရာတော် ချီးကျူးပူဇော်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၂

ပြည်တွင်း၊ ပြည်ပသာသနာပြု အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အရိယဝံသအား ချီးကျူးပူဇော်ပွဲကို ဇွန် ၉ ရက် နံနက် ၁၀နာရီတွင် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ အလိုတော်ပြည့် ဗောဓိသုခ ပရဟိတကျောင်းတိုက်၌ အဆိုပါကျောင်းတိုက်မှ ဆရာတော်ဒေါက်တာ ဘဒ္ဒန္တ နန္ဒောဘာသာ (Ph.D)ဦးစီးပြီး ကျင်းပရာ အိန္ဒိယနိုင်ငံရှိ သံဃာ့အဖွဲ့အစည်းဝင် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ဝန်ထမ်းများ၊ မိသားစုများ၊ တပည့်ဒါယကာ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။ (သတင်းစဉ်)

ဇွန် ၄ရက်က ခြံအမှတ် (၉) ဦးကျော်လှလမ်း ၇ မိုင် မရမ်းကုန်းမြို့နယ်နေ ဦးတင်မောင်အေး–ဒေါ်မွန်မွန်နိုင်၊ သား–မောင်ကောင်းစံဝင်း (ရွှေမိုးသာကုမ္ပဏီ) မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၁၀သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး (အငြိမ်းစားသံအမတ်ကြီး)က လက်ခံယူစဉ်။ (က–ပ)

ပန်းဘဲတန်းမြို့နယ်လုံးကျွတ် အထူးသန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဇွန် ၁၂

ပန်းဘဲတန်းမြို့နယ်လုံးကျွတ် စနေ အထူးသန့်ရှင်းရေး စုပေါင်းဆောင်ရွက်ပွဲကို ယနေ့နံနက်က ကျင်းပရာ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်စစ်ဒေသမှူးနှင့် ခရိုင်ဥက္ကဋ္ဌတို့သည် ၃၂လမ်း(အလယ်) စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ ဆက်လက်ရောက်ရှိလာရာ မြို့နယ်ဥက္ကဋ္ဌဦးတင်အုန်း၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဦးငွေစိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်မြင့်နှင့် လမ်းသာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းမောင်တို့က သန့်ရှင်းရေး စုပေါင်းဆောင်ရွက်နေကြသည့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်၊ ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့နှင့် ရပ်ကွက်ပြည်သူများ သန့်ရှင်းရေးဆောင်ရွက်နေကြသည်ကို လှည့်လည်ပြသသည်။ **(အပေါ်ပုံ)** (၁၉)

အီရတ်တွင် နေတိုးအခန်းကဏ္ဍပါဝင်ရေး ပြင်သစ် ဆန့်ကျင်ကြောင်း ထပ်လောင်းပြောကြား

ဆာဗားနား ဇွန် ၁၂

အီရတ်နိုင်ငံကိစ္စတွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး) ဝင်နိုင်ငံများ အခန်းကဏ္ဍ ပါဝင်ပတ်သက်ရေး အပါအဝင် ယင်းနိုင်ငံ၌ စစ်ရေးအရဝင်ရောက် စွက်ဖက်မှုဆိုင်ရာ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့၏ အဆိုပြုချက်ကို ပြင်သစ်သမ္မတ ဂျက်ရှီရက်က ဆန့်ကျင်ကြောင်း ကြာသပတေးနေ့က ထပ်လောင်း ပြောကြားလိုက်သည်။

အီရတ်နိုင်ငံတွင် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလတွင် နေတိုးက ပိုမိုပါဝင်ဆောင်ရွက်ရေးကို အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်နှင့် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲတို့က ဂျီ–၈ ထိပ်သီးအစည်းအဝေး ကျင်းပစဉ် တိုက်တွန်းပြောကြားကြသည်။

ရှုတ်ချ

သို့ရာတွင် ဂျက်ရှီရက်နှင့် တူရကီဝန်ကြီးချုပ် အာဒိုဂန်တို့က ဘုရှ်နှင့် ဘလဲတို့၏သဘောထားရပ်တည်ချက်ကို ချက်ချင်း ရှုတ်ချတုံ့ပြန်ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ရေးသားသည်။

မထင်မြင်

အီရတ်နိုင်ငံ၏ အရေးကိစ္စတွင် နေတိုးက ဝင်ရောက်စွက်ဖက်ရန် အကြောင်းရှိသည်ဟု မိမိမထင်မြင်ကြောင်း ရှီရက်က ဗီဒီယိုမှ တစ်ဆင့် ပြုလုပ်သည့် ဆွေးနွေးပွဲတွင် ပြောကြားသည်။ အီရတ်နိုင်ငံတွင် နေတိုး၏ အခန်းကဏ္ဍ ရှိ၊ မရှိနှင့်ပတ်သက်၍ မေးမြန်းရာတွင် အာဒိုဂန်က မိမိတို့ အလေးအနက်ထား ပြောကြားနေသည့် သဘောထားမှာ ကုလသမဂ္ဂ၏ အခန်းကဏ္ဍပင်ဖြစ်ကြောင်း ပြောကြားသည်။

အသင့်ရှိ

မိမိတို့ ကူညီရန် အသင့်ရှိကြောင်း၊ သို့ရာတွင် မိမိတို့ ရန်စ မီးမမွှေးမိစေရန်လည်း သတိကြီးစွာထားရမည်ဖြစ်ကြောင်း ရှီရက်က ဆက်လက်ပြောကြားသည်။

အချုပ်အခြာအာဏာ ပိုင်စိုးသည့် အီရတ် အစိုးရသစ်က လိုလိုလားလား တောင်းခံလိုပါက မိမိအနေဖြင့် နေတိုး၏ စွက်ဖက်မှုကို ထောက်ခံမည်ဖြစ်ကြောင်း ရှီရက်က ထပ်လောင်း ပြောကြားသည်။

အင်တာနက်။

ဒဏ်ရာရ

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်ရှိ ဆေးရုံတွင် သေနတ်ဒဏ်ရာ ရရှိထားသော အီရတ်တစ်ဦးကို ဇွန် ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကန်စစ်ယာဉ် မီးလောင်

ဇွန် ၇ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် အနောက်မြောက်ဘက်တွင် တိုက်ခိုက်ခံရမှုကြောင့် အမေရိကန် စစ်ယာဉ်တစ်စီး မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန် မဲဆန္ဒရှင်များအတွင်း စစ်တမ်းကောက် ဘုရှ်ထက် ဂျွန်ကယ်ရီကို ပိုမိုထောက်ခံ

ဝါရှင်တန် ဇွန် ၁၁

လာမည့်သမ္မတ ရွေးကောက်ပွဲ အကြိုကာလတွင် ဒီမိုကရက်တစ် သမ္မတလောင်း ဂျွန်ကယ်ရီနှင့် ရီပတ်ဗလီကန်သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်မည့် လက်ရှိသမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်တို့၏ ရေပန်းစားမှုနှင့်ပတ်သက်၍ လော့စ်အိန်ဂျလိ တိုင်းသတင်းစာက လူထုသဘောထားဆန္ဒ စစ်တမ်း ကောက်ယူကြည့်ရာတွင် နိုင်ငံတစ်ဝန်းလုံးရှိ မဲဆန္ဒရှင်များအတွင်း ဂျွန်ကယ်ရီကို ပိုမို လူကြိုက်များနေကြောင်း သိရသည်။

အမေရိကန် ပြည်ထောင်စု၏ ဦးတည်ချက် အလားအလာနှင့် ပတ်သက်၍လည်းကောင်း၊ အမေရိကန် အစိုးရ၏ အီရတ်မူဝါဒနှင့် ပတ်သက်၍လည်းကောင်း၊ နိုင်ငံတော်၏ စီးပွားရေးနှင့် ပတ်သက်၍လည်းကောင်း နိုင်ငံတစ်ဝန်းရှိ မဲဆန္ဒရှင်များ စိတ်မသက်မသာဖြစ်နေမှုကို ယင်းစစ်တမ်းက ဖော်ညွှန်းနေကြောင်း အဆိုပါသတင်းစာက ရေးသားဖော်ပြထားသည်။

သမ္မတရွေးကောက်ပွဲတွင် မယ်ဆာချူးဆက်ပြည်နယ်မှ အမေရိကန် အထက်လွှတ်တော်အမတ် ကယ်ရီက သမ္မတဘုရှ်ထက် မဲအပြတ်အသတ်ဖြင့် အသာရနိုင်ကြောင်း စစ်တမ်းအရ သိရှိရသည်။

သမ္မတဘုရှ်၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး မဟာဗျူဟာ ပညာရှင် မက်သရူးဒိုးကမူ ယင်းစစ်တမ်းရလဒ်ကိုလက်ခံခြင်း မရှိပေ။

အမ်အင်အေ၊ရိုက်တာ။

ဒီမိုကရေစီကို ပြင်ပမှ အဓမ္မသွတ်သွင်း၍ရမည်မဟုတ် ပဋိပက္ခများ အဆုံးသတ်ရေး ပြင်သစ်သမ္မတ ပြောကြား

ဆီးအိုင်လင် ဇွန် ၁၀

အရှေ့အလယ်ပိုင်းဒေသတွင် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များ၌ စက်မှုနိုင်ငံများကကူညီရန် ကြိုးပမ်းစဉ် ဒီမိုကရေစီကို ပြင်ပမှ အဓမ္မသွတ်သွင်း၍ ရနိုင်မည်မဟုတ်သည့်အပြင် အရှေ့အလယ်ပိုင်း ပဋိပက္ခများ အဆုံးသတ်ရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ပြင်သစ်သမ္မတ ဂျက်ရှီရက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ဦးတည်

ကျူးကျော်ရန်စသည့် အပြုအမူကယဉ်ကျေးမှုချင်း ပဋိပက္ခဖြစ်မှုကို ဦးတည်သွားနိုင်ကြောင်း ထုတ်ဖော်ပြောကြားလျက် မဟာအရှေ့အလယ်ပိုင်းဒေသတွင်း အလွန်အကျွံ စွက်ဖက်မှုမပြုလုပ်ရန် ပြင်သစ်သမ္မတ ရှီရက်က သတိပေးလိုက်သည်။

သတိထား

အမေရိကန် ဦးဆောင်သည့် တပ်များ အီရတ်ဝင်တိုက်မှုကို အပြင်းအထန် ဆန့်ကျင်သူ ပြင်သစ်သမ္မတ ဂျက်ရှီရက်က မိမိတို့သည် ကူညီရန် အသင့်စောင့်နေရမည် ဖြစ်ကြောင်း၊ သို့သော် ကျူးကျော်ရန်စသလို မဖြစ်စေရန်လည်း သတိထားကြရမည် ဖြစ်ကြောင်း ထည့်သွင်း ပြောကြားလိုက်သည်။

အဆိုပြု

ဂျော်ဂျီယာပြည်နယ် ဆီးအိုင်လင် အပန်းဖြေစခန်း၌ အင်္ဂါနေ့၌ စတင်မည့် စက်မှုရှစ်နိုင်ငံ(ဂျီ–၈)ထိပ်သီး အစည်းအဝေးတွင် တင်သွင်းသော အရှေ့အလယ်ပိုင်းဒေသ ဒီမိုကရေစီ ဖော်ဆောင်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အကူအညီပေးရေး ဂျီ–၈ အဆိုပြုချက်နှင့် ပတ်သက်၍ ပြင်သစ်သမ္မတ ဂျက်ရှီရက်က ပြောကြားရာတွင် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

ဒေါသထွက်

ဖေဖော်ဝါရီလက ပေါ်ထွက်လာသော အမေရိကန် အဆိုပြုချက် မူကြမ်းတွင် အာရပ်–အစ္စရေး ပဋိပက္ခကိုလည်း ထည့်သွင်းဖော်ပြခြင်းမရှိသည့်အပြင် ပြုပြင်ပြောင်းလဲရေးကို ပြင်ပမှ သွတ်သွင်းမည့် လက္ခဏာပြနေသည့်အတွက် အာရပ်နိုင်ငံများက ဒေါသထွက်ကြသည်။***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ရှိ ရဲစခန်းကို တိုက်ခိုက်ရေးသမားတို့က ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် ဒဏ်ရာရရှိသော ရဲတစ်ဦးကို ဆေးရုံ၌ ဇွန် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်ကြွေးမြီ လျှော်ပစ်ရေး ဂျီ–၈ ခေါင်းဆောင်များ အမြင်မတူ

ဘလွန်ဘတ် ဇွန် ၁၀

အီရတ်နိုင်ငံတွင်ရှိသည့် ကြွေးမြီထက်ဝက်ကျော်ကို လျှော်ပစ်ရန်ဆန္ဒမရှိကြောင်း ပြင်သစ်သမ္မတ ဂျက်ရှီရက်က ပြောကြားလိုက်ပြီး အီရတ်နိုင်ငံ အတွင်းနေတိုးအဖွဲ့ ပါဝင်ပတ်သက်ရေး သမ္မတဘုရှ်၏ အစီအစဉ်မှာ များစွာ အန္တရာယ်ကြီးမားသည်ဟု ထင်မြင်ကြောင်း ထည့်သွင်း ပြောကြားလိုက်သည်။

အီရတ်ကြွေးမြီ ယခုထက်ပိုလျှော်ခြင်းကို ကန့်ကွက်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အီရတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး ရေနံသိုက်ကိုပိုင်ထားသည့် နိုင်ငံဖြစ်၍ ချမ်းသာသည့်နိုင်ငံဖြစ်ကြောင်း ပြင်သစ်သမ္မတဂျက်ရှီရက်က ပြောကြားသည်။

အင်တာနက်။

စပိန်တွင် မီးရထားဗုံးဖောက်ခွဲခဲ့သည့် တရားခံများကို ဖမ်းဆီး

မဒရစ် ဇွန် ၁၁

စပိန်တွင် မတ် ၁၁ ရက်က လူပေါင်း ၁၉၀ ခန့် သေဆုံးခဲ့သည့် မီးရထားဗုံးဖောက်ခွဲမှုနှင့်ပတ်သက်၍ ဒိုင်းနမိုက်များ ထုတ်ပေးခဲ့သည်ဟု ယူဆရသည့် စပိန်လူမျိုးခြောက်ဦးကို ဇွန် ၉ ရက်က အက်စတူရီးယားဒေသ မြောက်ပိုင်းတွင် စပိန်ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။ ဒိုင်းနမိုက်ထုတ်ပေးသူမှာ ယခင်က အက်စတူရီးယားဒေသရှိ သတ္တုမိုင်းတွင်း လုံခြုံရေးအဖြစ် အလုပ်လုပ်ကိုင်သည့် အလုပ်သမားတစ်ဦးဖြစ်သူ ဟိုဆေးအမ်မယ်လီယန်ဖြစ်ပြီး ၎င်းက ပေါင် ၄၄၀ ရှိ ဖောက်ခွဲရေးပစ္စည်းများ ထုတ်ပေးခဲ့သည်ဟု စွဲချက်တင်ခံရသည်။

၎င်းနှင့်အတူ ၎င်း၏ဇနီးနှင့် ယောက်ဖဖြစ်သူ အပါအဝင် ခြောက်ဦးကို ဖမ်းဆီးခဲ့ကြောင်း စပိန်ပြည်ထဲရေးဝန်ကြီး ဟိုဆေးအင်တိုနီယိုအယ်လွန်ဆိုက ပြောကြားသည်။ အဆိုပါခြောက်ဦးကို ပြစ်မှုဆိုင်ရာ ဥပဒေအရ အမှုစစ်ဆေးခြင်း မပြုရသေးကြောင်း သိရှိရသည်။

ဖမ်းဆီး

အဆိုပါအမှုနှင့် ဆက်စပ်နေသည့် အဓိကတရားခံတစ်ဦးဖြစ်သော အီဂျစ်နိုင်ငံသား ရှောဘီအိုစမန်အာမက်ကိုလည်း အီတလီနိုင်ငံ မီလန်မြို့တွင် အီတလီရဲတပ်ဖွဲ့က ဇွန်၇ရက်က ဖမ်းဆီးခဲ့ကြောင်း စပိန်ပြည်ထဲရေးဝန်ကြီး ဟိုဆေး အင်တိုနီယိုအယ်လွန်ဆိုက ပြောကြားသည်။

အင်တာနက်။

အီရတ်သို့ စစ်ဘက်ဝန်ထမ်းများ စေလွှတ်မည်မဟုတ်ဟု စပိန်နိုင်ငံခြားရေးဝန်ကြီး သတင်းစာရှင်းလင်းပွဲ၌ ပြောကြား

မဒရစ် ဇွန် ၁၁

စပိန်နိုင်ငံခြားရေးဝန်ကြီး မော်ရေတီနိုစ်က အီရတ်နိုင်ငံသို့ စစ်ဘက်ဆိုင်ရာ ဝန်ထမ်းများ စေလွှတ်ရန် အလားအလာကို ပယ်ချလိုက်သည်။ အီရတ်နိုင်ငံ တည်ငြိမ်ရေးလုပ်ငန်းစဉ် အရှိန်မြှင့်တင်ရန် အကောင်းဆုံးသော နည်းလမ်းသည် အီရတ်နိုင်ငံမှ ပြည်ပတပ်ဖွဲ့ဝင်များ အမြန်ဆုံး ရုပ်သိမ်းရေးပင်ဖြစ်ကြောင်း ခရိအေးရှားနိုင်ငံခြားရေးဝန်ကြီး ဖူးဖူးလ်နှင့် ပူးတွဲပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မော်ရေတီနိုစ်က ပြောကြားခြင်းဖြစ်သည်။

အီရတ်နိုင်ငံအရေးကိစ္စတွင် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး) ပါဝင်ပတ်သက်မှုသည် အမှားတစ်ရပ်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

စေလွှတ်မည် မဟုတ်

နေတိုးသာ အီရတ်နိုင်ငံကိစ္စတွင် ဇာတ်ရှုပ်လာခဲ့ပါက စပိန်နိုင်ငံက မည်သည့်အဖွဲ့အစည်းအောက်မှာ ရှိနေစေကာမူ မည်သည့်တပ်ဖွဲ့ဝင်များကိုမှ အီရတ်သို့ ပြန်လည်စေလွှတ်မည် မဟုတ်ကြောင်း မော်ရေတီနိုစ်က ဆက်လက်ပြောကြားသည်။

တိုက်တွန်း

အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်က နေတိုးအား အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် ပါဝင်ပတ်သက်ရန် ဗုဒ္ဓဟူးနေ့က တိုက်တွန်းခဲ့သည်။

ယခုလက်ရှိတွင် နေတိုးက အီရတ်နိုင်ငံတွင် မည်သည့်အခန်းကဏ္ဍတွင်မှ ပါဝင်ပတ်သက်မှု မရှိပေ။ သို့ရာတွင် နေတိုးအဖွဲ့ဝင်နိုင်ငံအချို့က အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်ထားသည်။

ဆန့်ကျင်မည် မဟုတ်

နေတိုးအဖွဲ့က ယင်းပြဿနာ ဆွေးနွေးပါ စပိန်က ဆန့်ကျင်မည် မဟုတ်ကြောင်း၊ သို့ရာတွင် စပိန်နိုင်ငံက မည်သည့်တပ်ဖွဲ့များ၏ အစိတ်အပိုင်းအဖြစ် ရောက်ရှိလာမည် မဟုတ်ကြောင်း မော်ရေတီနိုစ်က ထပ်လောင်းပြောကြားသည်။

စပိန်နိုင်ငံမှ တပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံမှ ရုပ်သိမ်းပြီးဖြစ်သည်။ စပိန်နိုင်ငံက အီရတ်ဆိုင်ရာ ကုလသမဂ္ဂ ဆုံးဖြတ်ချက်သစ်ကို ထောက်ခံကြောင်း စပိန်ကာကွယ်ရေးဝန်ကြီး ဂျိုဆေးဘိုနိုက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ ကယ်ကွတ်မြို့အနီးတွင် မီးလောင်ကျွမ်းလျက်ရှိသော ရေနံပိုက်လိုင်းအနီး ကင်းလှည့်စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဂျီ–၈ ဆွေးနွေးပွဲတွင် ကန်နှင့် ပြင်သစ်တို့ အီရတ်အရေးနှင့် ပတ်သက်၍ သဘောကွဲလွဲ

ဆာဗားနား(အမေရိကန်ပြည်ထောင်စု) ဇွန် ၁၁

စက်မှုဖွံ့ဖြိုးပြီး ရှစ်နိုင်ငံအုပ်စု(ဂျီ–၈) ထိပ်သီးဆွေးနွေးပွဲတွင် အီရတ်အရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသော်လည်း အမေရိကန်နှင့် ပြင်သစ်နိုင်ငံတို့ သဘောထားကွဲလွဲခဲ့ကြကြောင်း တာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောကြားသည်။

ပြင်းထန်စွာ ကန့်ကွက်

အီရတ်နိုင်ငံအရေးတွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)၏ အခန်းကဏ္ဍ မြှင့်တင်ရန် အမေရိကန်က အဆိုပြုခဲ့သော်လည်း ပြင်သစ်သမ္မတ ဂျက်ရှီရက်က ပြင်းထန်စွာ ကန့်ကွက်ခဲ့သည်။

အီရတ်နိုင်ငံက တင်ရှိနေသော အမေရိကန်ဒေါ်လာ ၁၂၀ ဘီလီယံခန့်၏ အများစုကို လျှော်ပစ်ရန် ဂျီ–၈ ခေါင်းဆောင်များ သဘောတူညီမှု မရရှိခဲ့ပေ။

ဆွေးနွေးခဲ့ကြ

ဇွန်လ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့သော ဂျီ–၈ ထိပ်သီးဆွေးနွေးပွဲတွင် အရှေ့အလယ်ပိုင်းဒေသ၌ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှု အစီအစဉ်များ ချမှတ်ဆောင်ရွက်ရေး၊ အစ္စရေးနှင့် ပါလက်စတိုင်း ပဋိပက္ခဖြေရှင်းရေးစသည့် အကြောင်းရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

ဂျီ–၈ ထိပ်သီးဆွေးနွေးပွဲတွင် တားမြစ်ပိတ်ပင်ခံထားရသော လက်နက်များ မထုတ်လုပ်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ခရီးသွားလုပ်ငန်းများ၌ လုံခြုံမှုကောင်းမွန်စေရေးနှင့် ကူးစက်ရောဂါ ကုန်သွယ်ရေး စသည့်အကြောင်းရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

ပါဝင်

ဂျီ–၈ အုပ်စုတွင် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ကနေဒါ၊ ဂျပန်နှင့် ရုရှားတို့ ပါဝင်ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဇွန် ၁၀ရက်က အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ်တွင် ကျင်းပသည့် ဂျီ–၈ ထိပ်သီးဆွေးနွေးပွဲကာလအတွင်း အမေရိကန်၏ ကျူးကျော်စစ်ကို ဆန့်ကျင်ကန့်ကွက်ဆန္ဒပြကြစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် ကန်၏ကျူးကျော်သိမ်းပိုက်မှုကို အဆုံးသတ်စေမည်

ကူဝိတ်စီးတီး ဇွန် ၁၁

ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အဖွဲ့ဝင်အားလုံးက ဆုံးဖြတ်ချက်အမှတ် ၁၅၄၆ ကို တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည့်ကိစ္စကို ကူဝိတ်နိုင်ငံသည် ပြီးခဲ့သော ဗုဒ္ဓဟူးနေ့တွင် ထောက်ခံကြိုဆိုလိုက်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၁၅၄၆ သည် အီရတ်နိုင်ငံ၏ အခြေအနေနှင့် ပတ်သက်သော ကိစ္စများကို ဆောင်ရွက်ရန် ချမှတ်ထားသော ဆုံးဖြတ်ချက်ဖြစ်သည်။

ကြိုဆို

ထိုဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်း ကူဝိတ်နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ကူဝိတ်သတင်းဌာနက ကိုးကားပြီး ဖော်ပြခဲ့သည်။

ဆန္ဒပြင်းပြ

အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းသည် အီရတ်နိုင်ငံနှင့် အဆိုပါဒေသတွင်း တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ဖော်ဆောင်လိုသောဆန္ဒ ပြင်းပြကြောင်းကို အဆိုပါ ဆုံးဖြတ်ချက် ချမှတ်လိုက်ခြင်းက ထင်ဟပ် လျက်ရှိသည်ဟု ကူဝိတ်နိုင်ငံ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆုံးသတ်နိုင်

တစ်ချိန်တည်းမှာပင် ယခုဆုံးဖြတ်ချက်သည် အီရတ်ပြည်သူများ တောင့်တနေသည့် စည်းလုံးညီညွတ်သော လွတ်လပ်သည့် အီရတ်နိုင်ငံ တည်တံ့ရေးနှင့် အနှစ် ၃၀ ကျော်ကြာအောင် ပြည်သူများ ခံစားနေရသော ဒုက္ခများ အဆုံးသတ်နိုင်မည့် လက္ခဏာပင်ဖြစ်သည်ဟု ဆိုသည်။

မျှော်လင့်

အီရတ်နိုင်ငံသည် အချုပ်အခြာအာဏာ ပြန်လည်ရရှိလာခြင်းဖြင့် အာရပ်လောကနှင့် အပြည်ပြည်ဆိုင်ရာ အနေအထားတွင် အပြုသဘော ပါဝင်လုပ်ဆောင်နိုင်မည့် အခန်းကဏ္ဍကိုလည်း ရရှိလိမ့်မည်ဟု မျှော်လင့်ကြောင်း ကူဝိတ်ကြေညာချက်တွင် ရေးသားထားသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်သည် အမေရိကန်၏ ကျူးကျော်သိမ်းပိုက်မှုကို အဆုံးသတ်စေမည်ဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်ရေနံလုပ်ငန်းများ တိုက်ခိုက်ခံရ၍ ဒေါ်လာသန်း ၂၀၀ ကျော် နစ်နာဆုံးရှုံးရ

ဘဂ္ဂဒက် ဇွန် ၁၁

လွန်ခဲ့သော ခုနစ်လအချိန်မှ ယနေ့အထိ ကာလအတွင်း အီရတ်ရေနံပိုက်လိုင်းများ အကြိမ် ၁၃၀ တိုက်ခိုက်ခံခဲ့ရသည်။ ထိုတိုက်ခိုက်မှုများကြောင့် မိမိနိုင်ငံသည် တန်ဖိုးအားဖြင့် ဒေါ်လာသန်း ၂၀၀ မက နစ်နာဆုံးရှုံးခဲ့ရကြောင်း အီရတ်နိုင်ငံဝန်ကြီးချုပ် အိုင်ယာဒ်အာလာဝီက ပြောကြားသည်။

ပစ်မှတ်ထားတိုက်ခိုက်

ရေနံလုပ်ငန်း အဆောက်အအုံများကို ပစ်မှတ်ထား၍ တိုက်ခိုက်နေသူများမှာ နိုင်ငံခြားမှလာသော တိုက်ခိုက်ရေးသမားများဖြစ်သည်ဟု ဆိုသည်။

နစ်နာဆုံးရှုံး

အီရတ်ရေနံပိုက်လိုင်းများ တိုက်ခိုက်ဖျက်ဆီးခံရသည့်အတွက် ရေနံများ တင်ပို့ရောင်းချနိုင်ခြင်း မရှိသောကြောင့် ရေနံမှရသော အခွန်တော်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော် နစ်နာဆုံးရှုံးရသည်ဟု ဝန်ကြီးချုပ် အာလာဝီက သတင်းထောက်များကို ပြောကြားသည်။

မလိုလားကြသူများ

ထိုတိုက်ခိုက်သူများသည် လွတ်လပ်ရေးအတွက် ခုခံတိုက်ခိုက်သူများမဟုတ်ကြ။ ပြည်ပမှလာသော တိုက်ခိုက်ရေးသမားများသာဖြစ်ပြီး အီရတ်နိုင်ငံ လွတ်လွတ်လပ်လပ် ရပ်တည်လာနိုင်မည်ကို မလိုလားကြသူများသာဖြစ်ကြောင်း အာလာဝီက ဆိုသည်။

ပျက်စီးခဲ့ရ

နောက်ဆုံးဖြစ်ပေါ်လာသော ရေနံလုပ်ငန်း တိုက်ခိုက်မှု တစ်ခုသည် ပြီးခဲ့သော ဗုဒ္ဓဟူးနေ့က ဖြစ်ပွားခဲ့သည်။ ထိုတိုက်ခိုက်မှုကြောင့် ကမ်းလွန်ရေနံမြေမှ အီရတ်နိုင်ငံ၏ အကြီးဆုံး ရေနံချက်စက်ရုံနှင့် ဆက်သွယ်ထားသော ရေနံပိုက်လိုင်း ပျက်စီးခဲ့ရသည်။ ***အင်တာနက်။***

အီရတ်အရေး ဖြေရှင်းရာ၌ အပြည်ပြည်ဆိုင်ရာဥပဒေကို လိုက်နာသင့် ခြိမ်းခြောက်မှုနှင့် အင်အားသုံးမှုမပြုသင့်ကြောင်း ကိုဖီအာနန်ပြောကြား

ကင်းဘရစ် ဇွန် ၁၀

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် ဟားဗတ်တက္ကသိုလ်တွင် မိန့်ခွန်းပြောကြားရာ၌ အီရတ်အရေးကိစ္စကို ဖြေရှင်းရာတွင် အပြည်ပြည်ဆိုင်ရာဥပဒေကို လိုက်နာသင့်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

အထက်ပါစကားများကို အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြီးခဲ့သောကြာသပတေးနေ့တွင် ပြောကြားလိုက်ခြင်းဖြစ်သည်။ အီရတ်စစ်ပွဲကြောင့် ကျွန်ုပ်တို့ အားလုံးသည် ကမ္ဘာ့အကျပ်အတည်းနှင့် ကြုံတွေ့ခဲ့ရသည်။ ထိုအကျပ်အတည်းပြဿနာကိုနိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း သိအပ်သည်ဟု ဆိုသည်။

မိန့်ခွန်းတစ်ရပ်ထုတ်

ခြိမ်းခြောက်မှု တစ်စုံတစ်ရာပေါ်ပေါက်တိုင်း ခြိမ်းခြောက်မှုကို နိုင်ငံတကာ၏ သဘောတူညီမှုကို မရယူဘဲ ထင်ရာစိုင်းကာ အင်အားသုံးဖြေရှင်းနေမည်ဆိုလျှင် ကျွန်ုပ်တို့ကမ္ဘာကြီးတွင် မည်သို့ဖြစ်သွားမည်နည်း၊ ကျွန်ုပ်တို့အားလုံးသည်လည်း မည်သို့နေထိုင်ကြမည်နည်းဟု ကိုဖီအာနန်က မိန့်ခွန်းပြောကြားရင်း ဆန်းစစ်သည့် မိန့်ခွန်းတစ်ရပ်ထုတ်ခဲ့သည်။

ကိုဖီအာနန်က အထက်ပါ စကားများ မပြောကြားမီ နှစ်ရက်က ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အီရတ်နိုင်ငံနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့ကြသည်။

ထိုဆုံးဖြတ်ချက်သည်အီရတ်ပြည်သူများလက်သို့ အချုပ်အခြာအာဏာပြန်လည်လွှဲအပ်ပေးသည့်ကိစ္စကို ခိုင်မာစေသော ဆုံးဖြတ်ချက်ဖြစ်ပြီး အမေရိကန် ဦးဆောင်သော တပ်ဖွဲ့များအပေါ် အီရတ်ခေါင်းဆောင်သစ်က မည်သို့သော အနေအထားမှ ရပ်တည်ပြုမူနိုင်သည် ဆိုသည့်အချက်များကို ပြဋ္ဌာန်းပေးသည်။ ထိုဆုံးဖြတ်ချက်မူကြမ်းကို အမေရိကန်နှင့် ဗြိတိန်တို့က ပူးတွဲရေးဆွဲပြီး တင်ပြခဲ့ကြခြင်းဖြစ်သည်။

ရွေးချယ်နိုင်

ထိုကိစ္စမတိုင်မီကလည်း အီရတ်တွင် တရားဝင်ကြားဖြတ်အစိုးရ ရွေးချယ်နိုင်ရေးအတွက် အမေရိကန်သည် ကုလသမဂ္ဂအဖွဲ့ကြီး၏ အကူအညီကိုပင် ရယူဆောင်ရွက်ခဲ့ရပြန်သည်ဟု အာနန်က ထောက်ပြပြောဆိုခဲ့သည်။

အငြင်းပွားခဲ့

အင်အားသုံးခြင်းသည် တရားဝင်ဖြေရှင်းနည်းတစ်ရပ် ဟုတ်ပါသလော ဆိုသည့် ပြဿနာသည် ကုလသမဂ္ဂအဖွဲ့နှင့် အမေရိကန်နိုင်ငံတို့အကြား အငြင်းပွားခဲ့ရသော ပြဿနာပင်ဖြစ်သည်။ လွန်ခဲ့သောနှစ်က အမေရိကန်သမ္မတဘုရှ်က အကြမ်းဖက်မှုပြဿနာကို နှိမ်နင်းရန်နှင့် အီရတ်ခေါင်းဆောင် ဆက်ဒမ်ကိုဖယ်ရှားရန် လိုအပ်ကြောင်း တင်ပြလာခဲ့သည်။

ဝေဖန်ခြင်းခံခဲ့ရ

ထိုစဉ်ကစတင်ပြီး အင်အားသုံးရေးကိစ္စတရားဝင်ဟုတ်၊မဟုတ်ဟုဆိုသော အငြင်းပွားမှုကိစ္စမှာ စတင်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်အနေဖြင့် ပြဿနာကိုဖြေရှင်းရန် အင်အားသုံးခြင်းမပြုမီ နိုင်ငံတကာ၏ လက်ခံသဘောတူညီမှုကို ဦးစွာ ရယူသင့်ကြောင်း ကိုဖီအာနန်အပါအဝင် နိုင်ငံအများအပြားက ဝိုင်းဝန်းဝေဖန်ခြင်းကို ခံခဲ့ရသည်။

လျော့ပါးခဲ့

ထို့အပြင် ကုလသမဂ္ဂနှင့် အမေရိကန်တို့အကြားတွင်သွေးစည်းညီညွတ်မှု ပြဿနာလည်း ပေါ်ပေါက်ခဲ့သေးကြောင်း ကိုဖီအာနန်က ဆိုသည်။ ထိုနှစ်ဖက်အကြား ညီညွတ်မှုမရှိသဖြင့် ကမ္ဘာကြီးအတွက် အရေးကြီးသည့်ပြဿနာများဖြစ်သော အိဒ်ရောဂါပြဿနာ၊ ပညာရေး ပြဿနာနှင့် ကလေးသေနှုန်းမြင့်မားသည့် ပြဿနာစသည်တို့ကိုဖြေရှင်းရန်အတွက် အရင်းအမြစ်အင်အားများ လျော့ပါးခဲ့ရသည်။ ပြဿနာများကို အာရုံမစိုက်နိုင်ဘဲဖြစ်ခဲ့ရသည်ဟုဆိုသည်။

လိုအပ်နေပြီ

နောက်ဆုံးအနေနှင့် ပြောရလျှင် ကမ္ဘာကြီးသည် ငါတကောကောသည့် ပြဿနာ၊ စိတ်ရှည်သည်းခံမှု နည်းပါးသည့် ပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း၊ မိမိတို့အနေဖြင့် ကိုယ်နှင့်ဘာသာအယူမတူသူ၊ ယဉ်ကျေးမှုကွဲပြားသူများကို ရန်သူအဖြစ်မရှုမြင်ဘဲ ဆက်ဆံနိုင်အောင် ထိန်းချုပ်ရန်လိုအပ်ကြောင်း၊ ထို့အပြင် အစိုးရိမ်အကြောင့်ကြလွန်ကဲခြင်းနှင့် ဒေါသလွန်ကဲသည့် အဖြစ်များမှလည်း ရှောင်ရှားနိုင်အောင် ကြိုးပမ်းသွားရန်လိုအပ်နေပြီဖြစ်ကြောင်းကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က နှိုးဆော်စကားပြောကြားသွားသည်။

အင်တာနက်။

တိုက်ခိုက်ရေးသမားများ



အီရတ်နိုင်ငံ ကူဖာမြို့တွင် အမေရိကန် ဆန့်ကျင်ရေး ခုခံတိုက်ခိုက်ရေးသမားများကို ဇွန် ၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲကို မလိုလားသူတိုးလာပြီး ဘုရှ်အပေါ် ယုံကြည်သူနည်းပါးလာ

လော့စ်အိန်ဂျလိစ် ဇွန် ၁၁

လော့စ်အိန်ဂျလိစ် တိုင်းမ်သတင်းစာက အီရတ်စစ်ပွဲနှင့် ပတ်သက်၍ အမေရိကန်လူထု၏သဘောထားကို သိရှိနိုင်ရန် လေ့လာမှုတစ်ရပ် ပြုလုပ်ခဲ့သည်။ ထိုလေ့လာချက်အရ အမေရိကန်အများစုက အီရတ်စစ်ပွဲတိုက်ရသည်မှာ ထိုက်တန်သောလုပ်ရပ်မဟုတ်ကြောင်း သဘောထားပေးကြသည်။ သို့ရာတွင် အများစုက လုပ်ပြီးခဲ့သည့်အလုပ်ကို စွန့်ခွာသွားရန် တုံ့ဆိုင်းနေသည့်သဘောထား ရှိကြသည်ဟုဆိုသည်။

သံသယရှိ

ဆန္ဒပေးကြသူများက အမေရိကန်တို့သည် အီရတ်ကိစ္စတွင် ထွက်လမ်းမရှိဘဲဖြစ်နေရပြီဟု တိုး၍ယူဆလာကြသည်။ ထို့အပြင် အီရတ်နိုင်ငံတွင် ဒီမိုကရေစီစနစ် ထူထောင်နိုင်မည်ဆိုသော အချက်အပေါ်တွင်လည်း သံသယရှိကြသည်ဟု လေ့လာမှုစစ်တမ်းအရ သိရှိရသည်။ ထိုစစ်တမ်းကို ပြီးခဲ့သော သီတင်းပတ် သောကြာနေ့မှ ယခုသီတင်းပတ် အင်္ဂါနေ့ထိ ကောက်ယူခဲ့ခြင်းဖြစ်သည်။

အချိုးအစားအားဖြင့် ၅၃ ရာခိုင်နှုန်းသော ဆန္ဒဖော်ပြသူများက အီရတ်စစ်ပွဲမှာ လုပ်ထိုက်သော စစ်ပွဲမျိုးမဟုတ်ဟု ဆိုကြပြီး ၄၃ ရာခိုင်နှုန်းကသာ မှန်ကန်မှုရှိကြောင်း ရှုမြင်ကြသည်။ ပြီးခဲ့သော မတ်လနှင့် နိုဝင်ဘာလများအတွင်းက တိုင်းမ်သတင်းစာသည် လူထုသဘောထားလေ့လာမှု တစ်ရပ်နှစ်ကြိမ်ကောက်ယူခဲ့သေးသည်။ ထိုစဉ်က ရရှိခဲ့သော ရလဒ်သည် ယခုရရှိသောအဖြေနှင့် လုံးဝမတူဘဲ ပြောင်းပြန်ဖြစ်နေသည်ကို တွေ့ရသည်။ ထိုစဉ်က စစ်ပွဲကို ထောက်ခံသူအရေအတွက်က များခဲ့သည်။

စီစဉ်သင့်

အချိုးအစားအားဖြင့် ၂၀ ရာခိုင်နှုန်းထက်နည်းပါးသော လူများကသာ အီရတ်မှ အချိန်နှစ်ပတ်အတွင်း အမေရိကန်တပ်များ ထွက်ခွာသင့်ကြောင်း ဆန္ဒပေးကြသည်။ ၂၅ ရာခိုင်နှုန်း အချိုးအစားကမူ အမေရိကန်သည် အချိန်တစ်ခုကို သတ်မှတ်ပေးပြီး အီရတ်မှ ဆုတ်ခွာရန် စီစဉ်သင့်ကြောင်း ဖော်ပြခဲ့ကြသည်။

အီရတ်စစ်ပွဲကို မည်သည့်အခါကမျှ တိုက်သင့်သောကိစ္စ ဖြစ်သည်ဟု ကျွန်ုပ်မယူဆခဲ့ပါ။ ယခုအခြေအနေ၌မူ ကျွန်ုပ်တို့သည် အီရတ်တွင် ဆက်၍ကြည့်နေသင့်သည်။ အကြောင်းမှာ ကျွန်ုပ်တို့မှ ကြည့်မနေလျှင် ထိုဒေသ၏ အခြေအနေမှာ ပို၍ဆိုးသွားနိုင်စရာရှိသောကြောင့် ဖြစ်ပါသည်ဟု အင်နီဝဒ်ဝဲလ်က ပြောကြားသည်။ ၎င်းသည် ကလိဗ်လင်းမှ အငြိမ်းစားပြတိုက်မှူးဟောင်းတစ်ဦး ဖြစ်သည်။

အမေရိကန် ဆန္ဒသဘောထားပေးသူများသည် အမေရိကန်သမ္မတ ဘုရှ်အပေါ် ယုံကြည်မှုနည်းပါးလာသည်ကို စစ်တမ်းကဖော်ပြနေသည်။ မတ်လအတွင်းက ကောက်ယူသော စစ်တမ်းတွင် ဘုရှ်၏ အီရတ်ကိစ္စကိုင်တွယ်ပုံကို လက်ခံကြောင်း ဖော်ပြသော အချိုးအစားမှာ ၅၁ ရာခိုင်နှုန်း ရှိခဲ့သော်လည်း ယခု နောက်ဆုံးစစ်တမ်းတွင် ထောက်ခံသူဦးရေမှာ ၄၄ ရာခိုင်နှုန်းသာ ရှိတော့သည်။

ယခု စစ်တမ်း ကောက်ယူလေ့လာရာ၌ အမေရိကန် တစ်နိုင်ငံလုံးရှိ ဆန္ဒ သဘောထားပေးသူ ၁၂၃၀ ဦးတို့ကို နမူနာကောက်ယူလေ့လာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ မှားယွင်းနိုင်သော အတိမ်းအစောင်းပမာဏမှာ အတိုးအလျော့ ၃ ရာခိုင်နှုန်းရှိသည်ဟုဆိုသည်။

အင်တာနက်။

အာရှပစိဖိတ်ဒေသဝန်ကြီးများ စည်းဝေး

ဟွေစီးတီး ဇွန် ၁၂

အာရှနှင့်ပစိဖိတ်ဒေသမှ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ကြီးများသည် ဗီယက်နမ်နိုင်ငံ ဟွေစီးတီးမြို့တွင် သောကြာနေ့က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ အာရှနှင့်ပစိဖိတ် ဒေသအတွင်း ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်းကို မြှင့်တင်ခြင်းဖြင့် ဆင်းရဲမွဲတေမှု လျှော့ချနိုင်စေမည့် နည်းလမ်းများကို ဆွေးနွေးကြသည်။

တက်ရောက်

အာရှနှင့်ပစိဖိတ်ဒေသ အစိုးရအဖွဲ့များသည် ယဉ်ကျေးမှုဆိုင်ရာ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်း ဈေးကွက်တွင် နိုင်ငံအလိုက် ပိုမိုပါဝင်လှုပ်ရှားနိုင်စေမည့် မူဝါဒများချမှတ်ကျင့်သုံး နိုင်ရန် ဆွေးနွေးကြသည်။ ယခုကျင်းပသော အစည်းအဝေးသို့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဝန်ကြီးများ အပါအဝင် ကိုယ်စားလှယ် ၁၅၄ ဦး တက်ရောက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဇွန် ၁၀ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ရဲတပ်ဖွဲ့ပိုင် ကားတစ်စီး တိုက်ခိုက်ခံရပြီးနောက် လက်နက်ကိုင် ခုခံတိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၂

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ နှစ်ပတ်လည်ပူဇော်ပွဲနှင့် ခုနစ်ရက်အဓိဋ္ဌာန်စခန်းပွဲကို ဇွန် ၁၉ ရက် စနေနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပမည်ဖြစ်ပြီး တရားစခန်းတွင် ဩဝါဒါစရိယ ဆရာတော် ဦးဓမ္မသာမိနှင့် ဦးရေဝတဓမ္မ(ကျောက်ပန်းတောင်း)တို့က သမထဝိပဿနာတရားတော်များ ချီးမြှင့် ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ အချိန်မီ လာရောက်ကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်းများ လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

ဖြိုးခြင်းချွေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

အသက်သခင်သွေးလှူရှင် ကျေးဇူးတင်စရာဘဝတာ

ဒေါက်တာကျော်မျိုးထွန်း

"သွေးသည်အသက်၊အသက်သည်သွေး"ဟူသောဆိုရိုး ရှိပေသည်။ လူသားတို့ အသက်ရှင် နေထိုင်ရန်အတွက် ခန္ဓာကိုယ်တွင် လှည့်ပတ်နေသောသွေးမှာ အရေးကြီးလှသည်။ လူသားတို့သည် ဇရာ၊ ဗျာဓိ၊ မရဏတရားတို့ကို လွန်ဆန်နိုင်ကြသောသူများ မဟုတ်ကြသဖြင့် ဗျာဓိတရားနှင့်ကြုံ၍ ခွဲစိတ်ကုသရသောအခါ အသက်သွေးကို လိုအပ်သည့်အချိန်တွင် လိုအပ်သည့်ပမာဏသွင်း၍ ကုသနိုင်ပါမှ အသက်ချမ်းသာရာရမည်ဖြစ်သည်။ ထို့ကြောင့် သန့်စင်သောသွေးကို လှူဒါန်းကြသော သွေးလှူရှင်တို့သည် ဘဝတစ်သက်တာ ကျေးဇူးတင်ထိုက်သူများပင်ဖြစ်သည်။

မြန်မာလူမျိုးတို့သည် "ဒါနဋ္ဌ" ပေးကမ်းလှူဒါန်းခြင်းသည် မင်္ဂလာဖြစ်သည်ဟူသော မင်္ဂလာတရားတော်နှင့်အညီ အလှူဒါနပြုရန် လက်မနှေးကြသူများဖြစ်သည်။ သွေးလိုအပ်သောသူများအတွက် သွေးလှူဒါန်းရာတွင် ရောဂါပိုးကင်းသောသွေးကိုသာ လှူဒါန်းရပေမည်။ မြန်မာနိုင်ငံ၌ ၁၉၃၉ခုနှစ်တွင် ရန်ကုန်ဆေးရုံကြီး၌ အခြေပြုသော သွေးဘဏ်တစ်ခုတည်ဆောက်ပြီး ထိခိုက်ဒဏ်ရာရလူနာများအတွက် သွေးသွင်းကုသခြင်းကို ဆောင်ရွက်ပေးခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ရန်ကုန်ပြည်သူ့ ဆေးရုံကြီးတွင် ရှိသော သွေးလှူဘဏ်ကို ဗဟိုအမျိုးသားသွေးလှူဘဏ်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။

ယခုအခါ နိုင်ငံတော်က "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"ဟူသော ဦးတည်ချက်ကို လူမှုရေးဦးတည်ချက်(၄)ရပ် တွင် ထည့်သွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်းရောဂါ ဘယကင်းရှင်းရေး စသော ရည်မှန်းချက်များချမှတ်ပြီး ၎င်းရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရန် ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေး အသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလာလျှင် ထိရောက်စွာ ကုသမှုပေးခြင်းဟူသော နည်းနာသုံးရပ်နှင့် ဆောင်ရွက်နေပေသည်။ သို့ဖြစ်ရာ သွေးဗေဒဆိုင်ရာ အဆင့်မြင့် သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်၊ သွေးဘက်ဆိုင်ရာ အဆင့်မြင့်ပညာရပ်များ ဖွံ့ဖြိုးတိုးတက် ပြန့်ပွားစေရေးအတွက် ဦးဆောင်လမ်းညွှန်မှုပေးနိုင်ရန်နှင့် ဘာသာရပ်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း အစရှိသည်များ ဆောင်ရွက်နိုင်ရန် အဖွဲ့ဝင် ၁၁ဦး ပါဝင်သော အမျိုးသားသွေးသုတေသနလုပ်ငန်းအဖွဲ့ကို ကျန်းမာရေးဝန်ကြီးဌာနက ဖွဲ့စည်းထားပေသည်။ ပြင်းထန်သော ထိခိုက်ဒဏ်ရာများ၊ ရောဂါဝေဒနာများကြောင့် ခွဲစိတ်ကုသမှု ခံယူရလျှင်သော်လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ကလေးမွေးဖွားစဉ် သွေးသွန်၍သော်လည်းကောင်း၊ သွေးနှင့်ပတ်သက်သည့် ရောဂါ ဝေဒနာများကြောင့်လည်းကောင်း အခြေအနေအမျိုးမျိုးတွင် သွေးသွင်းကုသမှု ခံယူရတတ်ပေသည်။ ဤကဲ့သို့ **သွေးသွင်းကုသရာတွင် ရောဂါပိုးသန့်စင်သော သွေးကိုသာ ပေးသွင်းရမည်ဖြစ်သည်။ ဗဟိုအမျိုးသား သွေးလှူဘဏ်အနေဖြင့် သွေးလှူရှင်များက လှူဒါန်းထားသော သွေးများတွင် အိပ်ချ်အိုင်ဗွီ၊ ကာလသားရောဂါပိုး၊ အသည်းရောင်အသားဝါဘီ၊ စီ ဗိုင်းရပ်စ်ပိုးများ၊ ငှက်ဖျားရောဂါပိုး စသည်တို့ ရှိ၊ မရှိ စနစ်တကျ စစ်ဆေးပြီးမှသာလျှင် ရောဂါပိုးကင်းစင်သော သွေးများကို သွေးသွင်းကုသရန် ခွင့်ပြုပါသည်။ ရောဂါပျောက်ကင်းရန်အတွက် သွေးသွင်းကုသရာတွင် မသန့်ရှင်းသောသွေးများ ပေးသွင်းမိပါက အခြားရောဂါပိုးများ ခန္ဓာကိုယ်တွင်းသို့ ရောက်ရှိသွားပြီး ဝေဒနာစွဲကပ်မှု မဖြစ်ပွားစေရေးအတွက် နိုင်ငံတော်အစိုးရက သွေးနှင့်သွေးပစ္စည်းဥပဒေကို ပြဋ္ဌာန်းထားပါသည်။**

ယခုအခါ တစ်ပြည်လုံးအတိုင်း အတာအနေဖြင့် တစ်နှစ်လျှင် သွေးအိတ်ပေါင်း တစ်သိန်းရှစ်သောင်းမှ နှစ်သိန်းဝန်းကျင် လိုအပ်လျက်ရှိပါသည်။ ထိုလိုအပ်သော သွေးအိတ်အရေအတွက် ရရှိစေရန်အတွက် အမျိုးသား သွေးသုတေသနလုပ်ငန်းအဖွဲ့သည် နယ်လှည့် သွေးလှူဒါန်းယာဉ်ဖြင့် လှည့်လည်ပြီး စေတနာရှင် သွေးလှူရှင်များရှာဖွေကာ သွေးကောင်းသွေးသန့်များ ရရှိနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာတို့၏ သွေးလှူခြင်းမှာ ထူးကဲသော ကုသိုလ်တစ်မျိုးဖြစ်သည်ဟုယူဆပြီး လှူဒါန်းလေ့ရှိကြသည်။ အသက် (၁၈)နှစ်မှ (၅၅)နှစ်အတွင်း အမျိုးသား၊ အမျိုးသမီး မရွေး မည်သူမဆို သွေးလှူဒါန်းနိုင်ပေသည်။ သွေးလှူရှင်များသည် မိမိလှူလိုက်သော သွေးများ သွေးကောင်းသွေးသန့်များ ဖြစ်စေရန် သတိပြုရန် လိုအပ်ပါသည်။ သွေးလှူရှင်များသည် မိမိကိုယ်တိုင် ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်သွားလာ စားသောက်ကြရမည်ဖြစ်ပြီး လိင်ကိစ္စ အပျော်အပါး လုံးဝ ရှောင်ကြဉ်ရမည်ဖြစ်ပါသည်။

အမျိုးသား သွေးသုတေသန လုပ်ငန်းအဖွဲ့မှ နယ်လှည့် သွေးလှူဒါန်းယာဉ်ဖြင့် လှည့်လည်ပြီး စေတနာရှင် သွေးလှူရှင်များရှာဖွေကာ သွေးကောင်း သွေးသန့်များ ရရှိနိုင်ရန် ဤသို့ ဆောင်ရွက်လျက်ရှိသည်။

ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)

အချုပ်ဆိုရသော် အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရသော ဝေဒနာရှင်သည် မိမိအတွက် လိုအပ်သော သန့်စင်သည့်သွေးအလှူရှင်ကို **အသက်သခင် သွေးလှူရှင်၊ ကျေးဇူးတင်စရာ ဘဝတာ** အဖြစ် အစဉ်စွဲမြဲ ယုံကြည်လျက်ရှိပေရာ မေတ္တာနှင်းလျက် သွေးတစ်စက်ကို အသက်ကယ်ရန် လှူဒါန်းကြပါစို့ ဟု တိုက်တွန်း နှိုးဆော်လိုက်ရပါသည်။ ။

ကမ္ဘာ့သွေးလှူရှင်များနေ့

(၁၄–၆–၂၀၀၄)

World Blood Donor Day

(14-6-2004)

အသက်သခင်သွေးလှူရှင် ကျေးဇူးတင်စရာဘဝတာ

Blood, a gift for life. Thank you

ကျန်းမာရေးဝန်ကြီးဌာန။

ယခုအခါ တစ်ပြည်လုံးအတိုင်းအတာအနေဖြင့် တစ်နှစ်လျှင် သွေးအိတ်ပေါင်း တစ်သိန်းရှစ်သောင်းမှ နှစ်သိန်းဝန်းကျင် လိုအပ်လျက်ရှိပါသည်။ ထိုလိုအပ်သော သွေးအိတ်အရေ အတွက် ရရှိစေရန်အတွက် အမျိုးသား သွေးသုတေသန လုပ်ငန်းအဖွဲ့သည် နယ်လှည့်သွေးလှူဒါန်းယာဉ်ဖြင့် လှည့်လည် ပြီး စေတနာရှင် သွေးလှူရှင်များရှာဖွေကာ သွေးကောင်း သွေးသန့်များ ရရှိနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

ကြီးကြပ်ဆောင်ရွက်

ညောင်လေးပင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (လက်ထောက် ညွှန်ကြားရေးမှူး) ဦးမင်းလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လှိုင်တို့ မေ ၂၅ ရက်က ညောင်လေးပင် အနော်ရထာလမ်း အကြီးစား ပြုပြင်ခြင်းလုပ်ငန်းအား ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (က–ပ)



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အောင်ဟိတ်–ဆိတ်သာလမ်း(ရှစ်မိုင်သုံး ဖာလုံ) ကျေးလက်မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးစဉ်။ (က–ပ)

ဓမ္မာစရိယ စာချတန်းပို့ချမည်

ရန်ကုန် ဇွန် ၁၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗဟန်း၃လမ်း သုဓမ္မာတိုက် မဟာပဋ္ဌာန်းကျောင်း ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယမ ပို့ချမည့်ဓမ္မာစရိယစာချတန်း ၁၃၆၆ခုနှစ်အတွက်စာသင်သားအသစ်များကို ပထမဝါဆိုလပြည့်၊ ဇူလိုင် ၁ရက်တွင်နောက်ဆုံးထား၍လက်ခံမည်ဖြစ်ကြောင်းနှိုးဆော်ထားသည်။(က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃ –၆ – ၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ **ဆရာတော်ဦးဃောသိတ တရားတော်**
	"အမှောင်ငါးစင်း အလင်းငါးချက်"
၉:၁၀	၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ သာယာသီကြွေးခေတ်ဆန်းတေး
၄:၃၀	၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
	-The Olympic Games (အင်္ဂလိပ်စာ–အထူးပြုအားလုံး)
၅:၀၀	၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀	၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၈။ နိုင်ငံတကာသတင်း
၆:၂၀	၉။ မိုးလေဝသသတင်း
၆:၂၅	၁၀။ မြန်မာ့ရှုခင်း
၆:၄၀	၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၂။ **ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း "လက်ကိုင်အိတ်ဒီဇိုင်းအဆန်းနဲ့ အရမ်းကိုလှ" အပိုင်း(၁၁)**
၈:၀၀	၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
	၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၁၇။ **ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမှန်တရားဘက်ကလှုပ်ရှားစားသမား" အပိုင်း(၉)**
	၁၈။ သင့်အတွက်မနက်ဖြန်
	၁၉။ အပိတ်နှုတ်ဆက်စကား
	၂၀။ ပြီးပါပြီ

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ဟူးမွန်ဆည်

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် စိုက်ပျိုးရေ ရရှိရေးအတွက် တည်ဆောက်ပေးထားသော ဟူးမွန်ဆည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-သန့်ဇင်ထွန်း၊ကြေးမုံ)

ဆီအုန်းစိုက်ခင်း

တနင်္သာရီတိုင်း လောင်းလုံမြို့နယ်အတွင်းရှိ အောင်မြင်ဖြစ်ထွန်းလျက် ရှိသော ဆီအုန်းစိုက်ခင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-ကြေးမုံ)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

မကွေးတိုင်း အောင်လံမြို့နယ်တွင် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် မိုးကောင်းစံပြကျေးရွာ၌ တူးဖော်ပေးခဲ့သည့် စက်ရေတွင်းကိုတွေ့ရစဉ်။ (က-ပ)

အစိုးရနည်းပညာကောလိပ်(စစ်တွေ)

ရခိုင်ပြည်နယ် စစ်တွေမြို့၌ တည်ဆောက်လျက်ရှိသော အစိုးရ နည်းပညာကောလိပ်(စစ်တွေ) ပင်မသုံးထပ်ဆောင် တည်ဆောက်ပြီးစီးမှုကို ဤသို့ တွေ့ရသည်။

(သတင်းစဉ်)

နှုတ်ဆက်စကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် မြစ်သာတံတား(ကလေးဝ) ဖွင့်ပွဲအခမ်းအနားတွင် နှုတ်ဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကား ပြောကြားရာတွင် ယနေ့ ဖွင့်လှစ်လိုက်သည့် မြစ်သာတံတား(ကလေးဝ)မှာ မုံရွာ–ယာကြီး–ကလေးဝ ကားလမ်းသစ်ပေါ်၌ တည်ရှိပြီး မြစ်သာမြစ်ကို ဖြတ်ကူး တည်ဆောက်ထားသော တံတားဖြစ်ကြောင်း၊ ဤတံတားကို တည်ဆောက်ပေးနိုင်ပြီ ဖြစ်သည့်အတွက် မုံရွာမှကလေးဝကို ကားလမ်းသစ်အတိုင်း တိုက်ရိုက်အချိန်တိုအတွင်း သွားလာနိုင်တော့မှာဖြစ်ကြောင်း၊ မြစ်သာမြစ်၏ သဘာဝအတားအဆီးကို ယခုကဲ့သို့ ခေတ်မီတံတားကြီးထိုးပြီး ကျော်လွှားနိုင်ပြီဖြစ်သည့်အတွက် ကလေးဒေသနှင့် မုံရွာဒေသအကြား၊ ထို့အပြင် မုံရွာဒေသနှင့် ချင်းပြည်နယ်(မြောက်ပိုင်း) အကြား ကူးလူးဆက်ဆံသွားလာမှု၊ ကုန်စည်ဖောက်ကား ရောင်းဝယ်မှုတို့သည် သွက်လက်မြန်ဆန် ဖွံ့ဖြိုးတိုးတက်လာတော့မှာ သေချာလျက်ရှိကြောင်း၊ တံတားထိပ်၌ တည်ရှိနေသော ကလေးဝမြို့မှာလည်း ပိုမိုပြောင်းလဲတိုးတက် စည်ပင်လာမှာဖြစ်ကြောင်း။

ကလေးဒေသသည် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်အကြားတွင် စီးပွားရေးအရ၊ လမ်းပန်းဆက်သွယ်ရေးအရ အချက်အချာကျသည့် ဒေသဖြစ်ကြောင်း၊ သို့ရာတွင် ကလေးဒေသအပါအဝင် ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်း၌ တည်ရှိသော မော်လိုက်၊ ကလေးဝ၊ မင်းကင်းနှင့် ကနီမြို့များသည် ခေတ်အဆက်ဆက် လမ်းပန်းဆက်သွယ်မှု မကောင်းခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျကျန်ရစ်ခဲ့ရသော အတိတ်၏ သမိုင်းအကြွေးဟောင်းများ ရှိခဲ့ကြောင်း။

အချက်အချာကျ

ထို့ကြောင့် အချက်အချာကျသည့် ကလေးဒေသကို နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသကြီးတစ်ခုအဖြစ် သတ်မှတ်ပြီး ချင်းတောင်ဒေသ အပါအဝင် လူငယ်များ အဆင့်မြင့်ပညာများ သင်ကြားနိုင်အောင် တက္ကသိုလ်၊ ကောလိပ်များဖွင့်ပေးခဲ့သကဲ့သို့ ခုတင် ၂၀၀ ဆံ့ အထူးကုဆေးရုံကြီးကိုလည်း ထိုက်ထိုက်တန်တန် အဆင့်မြင့် ဖွင့်လှစ်ပေးခဲ့ကြောင်း။

ထို့အပြင် လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်ပြီး ကလေးလေဆိပ်ကို ခရီးသည်တင် ဂျက်လေယာဉ် ဆင်းသက်နိုင်အောင် တိုးချဲ့ပေးခြင်း၊ ကလေး–ဂန့်ဂေါ ရထားလမ်းသစ်နှင့် ကလေး–ဂန့်ဂေါ ကားလမ်းသစ်တို့ကို ဖောက်လုပ်ပေးခြင်း၊ တမူး–ကလေး/ကလေးဝ ကားလမ်းကို အဆင့်မီ ကားလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့်လည်း ကလေးဒေသသည် ချင်းပြည်နယ်(မြောက်ပိုင်း)၏ အားထားရသည့် တံခါးဝအဖြစ်သာမက အိမ်နီးချင်း အိန္ဒိယနိုင်ငံနှင့် ဆက်စပ်လုပ်ကိုင်နေသော နယ်စပ်ဒေသ ကုန်သွယ်ရေးကဏ္ဍအပါအဝင် ဘက်စုံ၊ ကဏ္ဍစုံမှ သိသိသာသာ ဖွံ့ဖြိုးစည်ပင်နေသည့် ဒေသအဖြစ် ယနေ့ ထင်ထင်ရှားရှား မြင်တွေ့နေကြရပြီဖြစ်ကြောင်း။

တာဝန်ယူဖောက်လုပ်

ယခုလည်း ချင်းတွင်းမြစ်အနောက်ဘက်ဒေသတစ်လျှောက် ဖွံ့ဖြိုးရေးအတွက် မဟာဗျူဟာမြောက် မုံရွာ–ယာကြီး–ကလေးဝ ကားလမ်းသစ်ကို တပ်မတော် စစ်အင်ဂျင်နီယာတပ်ဖွဲ့က တာဝန်ယူ ဖောက်လုပ်ပြီးဖြစ်ကြောင်း၊ ကားလမ်းအရှည်သည် ၁၁၅မိုင်ရှိပြီး တံတားကြီး၊ တံတားငယ်ပေါင်း ၁၇၄စင်းရှိကြောင်း၊ ယင်းတံတားပေါင်း ၁၇၄စင်းအနက် ၂၁စင်းကို အခိုင်အမာ ကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ပြီးဖြစ်ကြောင်း၊ ပုထိုးလုံးတံတား၊ မြို့မတံတား၊ တိန်းတံတားနှင့် လပင်တံတားတို့မှာ ပေ ၁၈၀ အထက် တံတားကြီးများ ဖြစ်ကြောင်း။

ယင်းတံတားပေါင်း ၁၇၄စင်းတွင် ယနေ့ဖွင့်လှစ်သည့် မြစ်သာ(ကလေးဝ) တံတားနှင့် ၂၀၀၃ခုနှစ်က ဖွင့်လှစ်ခဲ့သည့် ချင်းတွင်းမြစ်ကူးတံတားတို့ ထည့်သွင်းထားခြင်းမရှိဘဲ စစ်အင်ဂျင်နီယာတပ်ဖွဲ့က တာဝန်ယူတည်ဆောက်ခဲ့ရသည့် တံတားများကိုပင် ရေတွက်ထားခြင်းဖြစ်ကြောင်း၊ လမ်းမကြီး၏ ကလေးဝဘက်ထိပ်၌ ပေ ၁၃၂၀ရှိသည့် မြစ်သာတံတားကြီးနှင့် လမ်းမကြီး၏ မုံရွာဘက်ထိပ်၌ ပေ ၄၇၀၀ကျော်သည့် ချင်းတွင်းတံတားကြီးတို့ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

ပူးပေါင်းအားထုတ်မှု

ထို့ကြောင့် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းဒေသများအတွက် အရေးပါလှသည့် မုံရွာ–ယာကြီး–ကလေးဝ ကားလမ်းနှင့် တံတားများသည် နိုင်ငံတော်၏ မှန်ကန်သော ဦးစီးဦးဆောင်မှုအောက်၌ နိုင်ငံ့ဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် နယ်ဘက်ဆိုင်ရာ ဝန်ထမ်းများ၏ ပူးပေါင်းအားထုတ်ကြိုးပမ်းမှု ရလဒ်များပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ တက်ညီလက်ညီ ဦးထမ်းပဲ့ထမ်း လုပ်ကိုင်ဆောင်ရွက်မှု၏ အောင်မြင်မှု အသီးအပွင့်များပင် ဖြစ်ကြောင်း။

ယခုဆိုလျှင် မုံရွာမှကလေးဝကို ၄ နာရီအတွင်းမှာပင် ခရီးပေါက်ပြီဖြစ်ကြောင်း၊ ရေဦးနှင့်သက္ကယ်ကျင်းမှ တစ်ဆင့် ပတ်သွားရသည့်လမ်းအတိုင်း တစ်ရက်ခရီးလောက် ပင်ပင်ပန်းပန်း ခရီးသွားနေရမည့်အစား ယခု နာရီပိုင်းအတွင်းတွင် မုံရွာမှနေပြီး ကလေးဝ/ကလေးတို့ကို သွားနိုင်လာနိုင်ကြပြီဖြစ်သည့်အတွက် ကလေးမှ မန္တလေးအထိကို သက်သောင့်သက်သာ နေ့ချင်းပေါက် သွားနိုင်ပြီဖြစ်ကြောင်း။

ဥဒဟိုသွားလာနိုင်

ထို့အပြင် လမ်းမကြီးတစ်လျှောက်မှာ ရှိနေသော ကနီမြို့၊ မင်းကင်းမြို့နှင့် ယာကြီးချောင်၊ စစ်လျင်ချောင်၊ တောင်တွင်းချောင် စသည့်ချောင်များ၌ရှိသော ကျေးရွာပေါင်း ၅၅ရွာ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာရေးကိုလည်း သိသိသာသာ အထောက်အကူပြုသွားမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဤလမ်းမကြီးနှင့် တံတားများသည် သားစဉ်မြေးဆက်အထိ အကျိုးပြုသွားမည့် အမွေခံအခြေခံကောင်းများပဲဖြစ်ကြောင်း၊ ဂဏန်းသင်္ချာနည်းဖြင့်တွက်ချက်၍ မရနိုင်သည့် အကျိုးပြုမှုများသည် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအထိ ကျယ်ပြန့်စွာ ဖြစ်ထွန်းလာမှာဖြစ်ကြောင်း၊ တစ်ချိန်တစ်ခါက ချင်းတွင်းရေကြောင်းလမ်းတစ်ခုတည်းကိုပဲ အားကိုးအားထား သွားလာနေရသည့် ကနီ၊ မင်းကင်းနှင့် ကလေးဝတို့မှ ပြည်သူများသည် ယခုအခါ ဤမော်တော်ကားလမ်းကို အသုံးပြုပြီး ဥဒဟို ကူးလူးသွားလာနိုင်ပြီ ဖြစ်ကြောင်း၊ သွားရေးလာရေး အခွင့်အလမ်းများ ပွင့်လာသည်နှင့်အမျှ လမ်းမကြီးနှင့် ဆက်စပ်နေသည့် မြို့ပြများရော၊ ကျေးလက်ဒေသများပါ ပိုမိုဖွံ့ဖြိုးတိုးတက်သည့် အသီးအပွင့်များ ရယူခံစားရတော့မှာဖြစ်ကြောင်း။

တစ်ဆက်တည်းမှာပင် ၃၆မိုင်ရှည်သော မော်လိုက်–ကလေးဝ ကားလမ်းကို ကျောက်ချောလမ်းအဖြစ် ဖိဖိစီးစီး ဖောက်လုပ်နေခြင်းဖြစ်သည့်အတွက် မော်လိုက်ဒေသမှ ပြည်သူများသည်လည်း မြစ်သာတံတားကြီးမှတစ်ဆင့် ကုန်းကြောင်းလမ်းအတိုင်း မုံရွာဒေသဘက်ကို မကြာမီ အချိန်ကာလအတွင်းတွင် သွက်လက်မြန်ဆန်စွာ အချိန်တိုအတွင်း သွားလာနိုင်တော့မှာဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ဖွင့်လှစ်သည့် မြစ်သာတံတားကြီးနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာသောလမ်းမကြီးနှင့်တံတားများသည် ချင်းပြည်နယ် ဖွံ့ဖြိုးရေး၊ မုံရွာမြို့နှင့် ဆက်စပ်နေသည့် ချင်းတွင်းမြစ် အနောက်ဘက်ကမ်း ဒေသများနှင့် ကလေး/ကလေးဝဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် မြစ်သာတံတား(ကလေးဝ) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးရေး၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး၊ မြန်မာ–အိန္ဒိယ နယ်စပ်ဒေသ ကုန်သွယ်မှု တိုးတက်ရေးတို့ကိုသာမက တိုင်းရင်းသား ချစ်ကြည်ရင်းနှီးရေးကိုပါ ဖော်ဆောင်ပေးသွားမည့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံကောင်းများဖြစ်ကြောင်း၊ ထပ်ဆင့်ပြောရမည်ဆိုလျှင် ဤလမ်း၊ ဤတံတားများသည် တိုင်းရင်းသားချစ်ကြည်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ကုန်သွယ်ရေးနှင့် စီးပွားဖွံ့ဖြိုးရေးတို့ကို အရှိန်အဟုန်မြှင့်တင်ပေးမှာ ဖြစ်သည့်အတွက် ဒေသအတွက်ရော၊နိုင်ငံတော်အတွက်ပါ အရေးပါ အလေးထားရသည့် လမ်းတံတားများပင်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသည့် လမ်းညွှန်မှုများနှင့်အညီ နိုင်ငံတော်အစိုးရသည် မဖွံ့ဖြိုးမတိုးတက်သေးသော ပြည်နယ်၊ တိုင်းများ ဖွံ့ဖြိုးလာအောင်၊ ဒေသတစ်ခုနှင့်တစ်ခုအကြား စီးပွားရေးကွာဟနေမှု၊ လူမှုရေးကွာဟနေမှုများ လျော့နည်းကျဆင်းလာအောင် ယခုကဲ့သို့ အထောက်အကူပြုသွားနိုင်မည့် လမ်းများ၊ တံတားများကို နိုင်ငံတော်တစ်နံတစ်လျား၌ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ တည်ဆောက်နေဆဲ လုပ်ငန်းစီမံကိန်းများလည်း များစွာရှိကြောင်း။

တိုးချဲ့ဖောက်လုပ်

တစ်နိုင်ငံလုံး၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တံတားကြီးပေါင်း ယခု မြစ်သာတံတားအပါအဝင် ၁၇၂စင်း၊ စစ်အင်ဂျင်နီယာတပ်ဖွဲ့က တံတားကြီး ခုနစ်စင်း၊ မြန်မာ့မီးရထားက ခြောက်စင်း စုစုပေါင်းတံတားကြီး စာရင်းဝင် တံတားပေါင်း ၁၈၅စင်း တည်ဆောက်ခဲ့ပြီဖြစ်ကြောင်း၊ မော်တော်ကားလမ်းအနေဖြင့် ၁၉၈၈ခုနှစ်တွင် ၂၁၄၈၃မိုင်ရှိရာမှ ယခုအခါ ၅၆၉၉၅မိုင်အထိ တိုးချဲ့ဖောက်လုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းလမ်းမိုင်များတွင် ကတ္တရာလမ်း၊ ကျောက်လမ်း၊ အမာခံလမ်း၊ မြေလမ်းအမျိုးအစားအားလုံး ပါရှိပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအပြင် စည်ပင်သာယာရေးအဖွဲ့များနှင့် အခြားအဖွဲ့အစည်းများက ဖောက်လုပ်ခဲ့သည့် လမ်းများ ပါရှိပါကြောင်း။

စစ်ကိုင်းတိုင်းမှာဆိုလျှင် ယခု မြစ်သာတံတားအပြင် ချင်းတွင်းမြစ်ကူး မုံရွာတံတား၊ ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတား၊ မူးမြစ်ကူးတံတား စသည့် တံတားကြီးပေါင်း ၁၂စင်းကို တည်ဆောက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ မြစ်သာတံတား၊ ချင်းတွင်းတံတားနှင့် ဆင်ဖြူရှင်တံတားများ၏ ဆက်စပ်အကျိုးပြုမှုကြောင့် ချင်းတွင်းမြစ်

၂သန်းကျော်မှ ယခုအခါ ဧက ၁ဒသမ၈သန်းကျော်အထိ တိုးတက်စိုက်ပျိုးလာခဲ့ကြောင်း၊ ဆန်စပါးထွက်ရှိမှုမှာ ဒေသစားသုံးရန်အပြင် တင်းသိန်း ၄၀၀ ကျော် ပိုလျှံနေပြီဖြစ်ကြောင်း၊ အထက်မြန်မာပြည်မှာရှိသည့် ဆန်လိုဒေသများနှင့် ချင်းပြည်နယ်ကို ဆန်ထောက်ပံ့နိုင်ရန်အတွက် စပါးတင်းသိန်း ၈၀၀ ပိုလျှံလာအောင် ဆက်လက်အားထုတ်ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း။

အကျိုးရှိရှိအသုံးချ

နိုင်ငံတော်က ကြိုးစားပမ်းစား ဖန်တီးပေးထားသည့် စီးပွားရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံကောင်းများကို အကျိုးရှိရှိ အသုံးချပြီး စစ်ကိုင်းတိုင်း၏ အလားအလာကောင်းသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလက်မှုဆိုင်ရာ ကုန်ထုတ်လုပ်မှုများကို တစ်နှစ်ထက်တစ်နှစ် တိုးတက်နေအောင် ကြိုးစားအားထုတ်ရန် အထူးအရေးကြီးကြောင်း၊ ကြိုးစားအားထုတ်လျှင် ကြိုးစားအားထုတ်သလောက် ဖွံ့ဖြိုးတိုးတက်နိုင်သည့် အခြေခံများ

အမျိုးသားညီလာခံကြီး အောင်မြင်ရေးအ
တိုင်းရင်းသားပြည်သူအားလုံးက ပြည်

အနောက်ဘက်ခြမ်း ဒေသများ၏ ခေတ်နောက်ကျမှု သမိုင်းကြွေးကို ကျေအောင် ပေးဆပ်နိုင်တော့မှာဖြစ်ကြောင်း။

ယခုကဲ့သို့ ငွေကြေးမြောက်မြားစွာ အကုန်ကျခံပြီး လမ်းပန်းဆက်သွယ်မှု အခြေခံ အဆောက်အအုံများကို ကိုယ့်အင်ကိုယ့်အားဖြင့် တစ်ခုပြီးတစ်ခု တည်ဆောက်နိုင်ခြင်းမှာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်မြင်လာသည့်အတွက်ကြောင့်လည်းဖြစ်ကြောင်း၊ စီးပွားရေးအခြေအနေကောင်း၍ လမ်းများ၊ တံတားများ တည်ဆောက်နိုင်သကဲ့သို့ လမ်းပန်းဆက်သွယ်မှု ကောင်းလာခြင်းကြောင့်လည်း စီးပွားရေး ကောင်းလာခြင်းဖြစ်ပါကြောင်း၊ တစ်ဖက်မှလည်း နိုင်ငံတော်၏ စီးပွားရေးတိုးတက် အောင်မြင်အောင် အခြေခံကျသည့် စိုက်ပျိုးရေးကဏ္ဍအတွက် ရင်းနှီးသင့် ရင်းနှီးထိုက်သည်များကိုလည်း တွံ့နှေးမှုမရှိ တွန်းအားပေး လုပ်ဆောင်လျက်ရှိကြောင်း။

ရေရရှိရေး

စစ်ကိုင်းတိုင်းကို အထက်မြန်မာပြည်၏ စပါးကျီအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လာနိုင်ရေးအတွက် ဆည်တမံများ၊ မြစ်ရေတင်စခန်းများ၊ မြေအောက်ရေရရှိရေး လုပ်ငန်းများ စသည့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများကို ရင်းနှီးထူထောင်ပေးနေသကဲ့သို့ စိုက်ပျိုးမြေ တိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်အောင် နည်းလမ်းပြသခြင်းတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် စစ်ကိုင်းတိုင်း၏ အသားတင် စိုက်ပျိုးမြေဧရိယာမှာ ယခင်က ဧက ၂၈သိန်းခန့် ရှိရာမှ ယခု ဧက ၃၉သိန်းကျော်အထိ တိုးတက်လာပြီး သီးနှံမျိုးစုံ စိုက်ဧရိယာ ဧကအနေဖြင့် ၆၄သိန်းခန့်အထိ ဖြစ်ပေါ်နေပြီဖြစ်ကြောင်း၊ စပါးစိုက်ဧရိယာသည် ယခင်က ၁ဒသမ

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် မြစ်သာတံတား(ကလေးဝ) ဖွင့်ပွဲ အခမ်းအနားတွင် ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

သည် စစ်ကိုင်းတိုင်း၌ ပြည့်စုံပြီးဖြစ်ကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် ရေအရင်းအမြစ်များသည့် ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက်၌ တည်ရှိနေသည့်အတွက် ယင်းချင်းတွင်းမြစ်ဝှမ်း လျှပ်စစ်ဖွံ့ဖြိုးရေး စီမံကိန်းများ တည်ဆောက်ပြီးသွားမည် ဆိုလျှင် စစ်ကိုင်းတိုင်း၏ ကုန်ထုတ်လုပ်မှုရော လူနေမှုဘဝ အဆင့်အတန်းပါ ထပ်ဆင့်မြင့်တက်သွားဦးမှာ ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရပိုင်းက သဘာဝအခြေခံ ပြည့်စုံသည့် ပြည်နယ်၊ တိုင်းရော၊ မပြည့်စုံသည့် ပြည်နယ်၊ တိုင်းများပါ တစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် အားထည့်လုပ်ကိုင်နေခြင်းဖြစ်ကြောင်း၊ ထို့အပြင် နောင်လာနောက်သား မြန်မာနိုင်ငံသားများအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး



၂သန်းကျော်မှ ယခုအခါ ဧက ၁၁ဒသမ၈ သန်းကျော်အထိ တိုးတက်စိုက်ပျိုးလာခဲ့ကြောင်း၊ ဆန်စပါး ထွက်ရှိမှုမှာ ဒေသစားသုံးရန်အပြင် တင်းသိန်း ၄၀၀ ကျော် ပိုလျှံနေပြီဖြစ်ကြောင်း၊ အထက်မြန်မာပြည်မှာရှိသည့် ဆန်လိုဒေသများနှင့် ချင်းပြည်နယ်ကို ဆန်ထောက်ပံ့နိုင်ရန်အတွက် စပါးတင်းသိန်း ၈၀၀ ပိုလျှံလာအောင် ဆက်လက်အားထုတ်ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း။

အကျိုးရှိရှိအသုံးချ

နိုင်ငံတော်က ကြိုးစားပမ်းစား ဖန်တီးပေးထားသည့် စီးပွားရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံကောင်းများကို အကျိုးရှိရှိ အသုံးချပြီး စစ်ကိုင်းတိုင်း၏ အလားအလာကောင်းသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလက်မှုဆိုင်ရာ ကုန်ထုတ်လုပ်မှုများကို တစ်နှစ်ထက်တစ်နှစ် တိုးတက်နေအောင် ကြိုးစားအားထုတ်ရန် အထူးအရေးကြီးကြောင်း၊ ကြိုးစားအားထုတ်လျှင် ကြိုးစားအားထုတ်သလောက် ဖွံ့ဖြိုးတိုးတက်နိုင်သည့် အခြေခံများစသည့် နယ်ပယ်အားလုံး၌ အမွေခံကောင်းများ ကျန်ရစ်အောင်၊ အမွေခံကောင်းများကို လက်ဆင့်ကမ်းပေးနိုင်အောင် ကြိုးပမ်းနေခြင်းလည်းဖြစ်ကြောင်း။

ပိတ်ပင်ကန့်သတ်နေ

ယင်းကဲ့သို့ ကြိုးပမ်းဆောင်ရွက်နေခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားများကောင်းစားရေးအတွက်သာ ရည်မှန်းချက်ထားပြီး စေတနာသန့်သန့်ဖြင့် နေ့မအား ညမနား အားထုတ်ကြိုးပမ်းနေခြင်းဖြစ်ကြောင်း ပြောကြားလိုကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်ကြီးကို ဟန်ချက်ညီညီ ဘက်စုံခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ပြုပြင်နေသည့်အချိန်၌ ပယောဂများဖြင့် ယှဉ်ပြီး နိုင်ငံရေးအရ ဖိအားပေးမှု၊ စီးပွားရေးအရ ပိတ်ပင်ကန့်သတ်မှုများကို နိုင်ငံကြီးအချို့က အကျပ်ကိုင်လုပ်ဆောင်လျက်ရှိသည်ကို မြင်တွေ့ကြရမှာဖြစ်ကြောင်း။

ယင်းကဲ့သို့သော အခြေအနေအချိန်အခါမျိုး၌ နိုင်ငံသားအားလုံးသည် ကိုယ့်ခွန်ကိုယ့်အားကို အခြေပြုပြီး နိုင်ငံတော်ကြီးကို ဆတက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ စစ်ကိုင်းတိုင်း ကလေးဝ မြို့နယ် မြစ်သာတံတား(ကလေးဝ) ဖွင့်ပွဲအခမ်းအနားတွင် ဒေသခံ ပြည်သူများနှင့်အတူ ဖွင့်ပွဲမှခ်ဦးရှေ့၌ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

သာခံကြီး အောင်မြင်ရေးအပါအဝင် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး ပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် မြစ်သာတံတား(ကလေးဝ) ဖွင့်ပွဲ အခမ်းအနားတွင် ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

သည် စစ်ကိုင်းတိုင်း၌ ပြည့်စုံပြီးဖြစ်ကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် ရေအရင်းအမြစ်များသည့် ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက်၌ တည်ရှိနေသည့်အတွက် ယင်းချင်းတွင်းမြစ်ဝှမ်းလျှပ်စစ်ဖွံ့ဖြိုးရေး စီမံကိန်းများ တည်ဆောက်ပြီးသွားမည် ဆိုလျှင် စစ်ကိုင်းတိုင်း၏ ကုန်ထုတ်လုပ်မှုရော လူနေမှုဘဝ အဆင့်အတန်းပါ ထပ်ဆင့်မြင့်တက်သွားဦးမှာ ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရပိုင်းက သဘာဝအခြေခံ ပြည့်စုံသည့် ပြည်နယ်၊ တိုင်းရော၊ မပြည့်စုံသည့် ပြည်နယ်၊ တိုင်းများပါ တစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် အားထည့်လုပ်ကိုင်နေခြင်းဖြစ်ကြောင်း၊ ထို့အပြင် နောင်လာနောက်သား မြန်မာနိုင်ငံသားများအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး

ထမ်းပိုး တိုးတက်အောင်၊ မိမိတို့ဒေသအရှိန်အဟုန်ဖြင့် ခိုင်ခိုင်မာမာ ဖွံ့ဖြိုးအောင် ညီညီညွတ်ညွတ် ဆက်လက်အားထည့် အလုပ်လုပ်သွားကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်ကိုချစ်သည့်စိတ်၊ အမျိုးကိုချစ်သည့်စိတ်၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်လိုသည့် ပြည်ထောင်စုစိတ်ဓာတ်များကို အခြေခံပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ် စောင့်ရှောက်ကြရမှာ ဖြစ်ကြောင်း၊ တိုင်းရင်းသားညီအစ်ကိုသွေးချင်းများအကြား စည်းလုံးညီညွတ်မှု ပြိုကွဲအောင်၊ သွေးကွဲအောင် အကြောင်းအမျိုးမျိုးပြပြီး နည်းမျိုးစုံဖြင့် ဖန်တီးလှုံ့ဆော်မှုများ ပြုလုပ်လျက်ရှိသည်ကို အစဉ်သတိရှိရှိဖြင့် ဖယ်ရှားသွားကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ လမ်းမသစ်ကြီးများ၊ တံတားသစ်ကြီးများ ပေါ်ပေါက်လာမှုကြောင့် စစ်ကိုင်းတိုင်း ချင်းပြည်နယ်အပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးသည် တစ်ဆက်တစ်စပ်တည်းနီးပါး သွားလာဆက်သွယ်၍ ရနေပြီဖြစ်သည့်အတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် တစ်စိတ်တစ်ဝမ်းတည်း အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာအောင်၊ ကမ္ဘာတည်သရွေ့ ပြည်ထောင်စုကြီးအဓွန့်ရှည်စွာ ထည်ထည်ဝါဝါ ရပ်တည်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါ၊ တည်ဆောက်ဖောက်လုပ်ပြီးဖြစ်သည့် တံတားကြီးများ၊ လမ်းမကြီးများ အရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြပါလို့ မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ရှင်းလင်းပြောကြားရာတွင် ယနေ့ဖွင့်လှစ်ပေးမည့် ဤမြစ်သာတံတား(ကလေးဝ)မှာ စစ်ကိုင်းတိုင်းအတွက် ၁၂စင်းမြောက် ဖွင့်လှစ်ပေးခဲ့သည့်ပေ ၁၈၀ အရှည်နှင့်အထက် တံတားကြီးပင်ဖြစ်ကြောင်း၊ တံတားအမျိုးအစားမှာ သံပေါင်ကြိုးတံတားဖြစ်ပြီး သံကူကွန်ကရစ် လွန်တူးပိုင်တိုင် အုတ်မြစ်ပေါ်၌ အပေါ်ထည် သံကူကွန်ကရိ

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် မြစ်သာ တံတား(ကလေးဝ) ဖွင့်ပွဲ အခမ်းအနားတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ချဉ်းကပ်တံတားများနှင့် ပင်မသံပေါင်ကြိုးတံတား ပေါင်းစပ်တည်ဆောက်ထားကြောင်း၊ တံတားကြီး၏ ခန်းဖွင့်ဖွဲ့စည်းပုံမှာ တံတားတစ်ဖက်တစ်ချက်စီတွင် ပေ ၆၀ X ၆ ခန်းစီပါသည့် သံကူကွန်ကရစ် ချဉ်းကပ်တံတား နှစ်ဖက်နှင့် ပင်မတံတား ပေ ၆၀၀ ရှည် သံပေါင်ကြိုးတံတား စုစုပေါင်း တံတားအရှည် ပေ ၁၃၂၀ ရှိကြောင်း၊ ယာဉ်သွားလမ်း အကျယ် ၂၈ပေရှိပြီး တစ်ဖက်စီတွင် လူသွားလမ်း လေးပေစီပါရှိကြောင်း၊ တံတားအောက်ရေလမ်း ကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၅၀၀နှင့် အမြင့်

၁၄ပေရှိကြောင်း၊ တံတားကြီး၏ ခွင့်ပြုယာဉ်အလေးချိန်မော်တော်ယာဉ် HS 20-44 ၃၆တန် နှစ်လမ်းဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုတန် ၆၀ ဖြစ်ကြောင်း။

ဤတံတားနှင့် ပတ်သက်သည့် ထူးခြားချက်မှာ မြန်မာနိုင်ငံ၌ တည်ဆောက်ပြီး ကြိုးတံတားများနှင့် မတူသည့် အချက်နှစ်ချက်ရှိကြောင်း၊ ပထမအချက်မှာ ပင်မတံတားကြီးကို ဆိုင်းထားသည့် ကြိုးများထိန်းသည့် တာဝါတိုင်များသည် ယခင်တံတားများကဲ့သို့ မတ်ပြီး တည်ဆောက်မထားဘဲ ထိပ်တွင် ပေါင်းစပ်ထားသည့် A ပုံသဏ္ဌာန်ရှိ တာဝါတိုင်များဖြစ်ကြကြောင်း၊ ဒုတိယခြားနားချက်မှာ ကြိုးတံတားများ၏ ပင်မတံတားကို ယခင်က လေတိုးလျှင် သိပ်ပြီး မယိမ်းယိုင်အောင် တံတားပေါ်ခင်းထားသည့် သံမဏိပြားတစ်ခုနှင့်တစ်ခုကြား ခွာပြီးတည်ဆောက်ထားသည့် နည်းစနစ်ဖြစ်ခဲ့ကြောင်း၊ ယခုတံတားမှာ သံမဏိပြားများ မသုံးတော့ဘဲ ကြိုတင်ပုံလောင်းထားသည့် ကွန်ကရစ်ပြားများကို ဆက်စပ်ပြီး ၎င်းပေါ်၌ ကွန်ကရစ်လမ်းခင်းသည့် စနစ်ဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း။

ချောချောမွေ့မွေ့သွားလာနိုင်

ယခင် သံပေါင်ကြိုးတံတားများ၌ မော်တော်ယာဉ်များသည် သံမဏိပြားများပေါ်တွင် ထိန်းပြီးမောင်းနှင်ခဲ့ရပြီး စက်ဘီး၊ ဆိုင်ကယ်ကဲ့သို့ ဘီးသေးသည့် ယာဉ်ငယ်များမှာ ဘီးများ သံမဏိပြားကြားကျွံကျမှု မရှိအောင် အလွန်သတိထားပြီး ဖြည်းဖြည်းချင်း သွားလာခဲ့ရကြောင်း၊ ယခုဒီတံတားမှာ ထိုအန္တရာယ်များ မရှိတော့ဘဲ ယာဉ်ကြီး ယာဉ်ငယ်မရွေး လွယ်လွယ်ကူကူ ချောချောမွေ့မွေ့ သွားလာနိုင်မှာဖြစ်ကြောင်း။

မုံရွာ – အလုံ – ယာကြီး – မြို့မ – ကလေးဝလမ်းပေါ်၌ တည်ရှိသည့် မြို့မ၊ ကြာပင်၊ မယ်မဲ၊ ထုံးကြီးစသည့် ရွာကြီးများ၌ နေကြသော ဒေသခံပြည်သူများအတွက် သွားလာရေး လျင်မြန်ချောမွေ့လာမှာ ဖြစ်ကြောင်း၊ မော်လိုက်–ကလေးဝ လမ်းပေါ်၌လည်း ပလူဇဝ–နန်စလိန် စသည့် ရွာကြီးများရှိ ဒေသခံပြည်သူများ၊ ကလေးဝကနေ မုံရွာမြို့ကြီးကိုပဲ သွားသွား၊ ချင်းပြည်နယ်ဘက်ကိုပဲ တက်တက် သွားလာရေး လွယ်ကူသွားမှာဖြစ်ကြောင်း။

ကုန်သွယ်မှုမြန်ဆန်

ထို့ကြောင့် ဤဒေသ ထွက်ကုန်ပစ္စည်းများကို မြစ်သာတံတား(ကလေးဝ)က တစ်ဆင့် ပြည်နယ်၊ ပြည်မ ဒေသစုံကိုလည်း လွယ်လင့်တကူပေးပို့ပြီး ကုန်သွယ်မှုလုပ်ရန်လည်း လွယ်ကူမြန်ဆန်လာမှာ ဖြစ်ကြောင်း၊ ကလေးစက်မှုဇုန်က ထုတ်လုပ်သည့် စက်မှုထွက်ကုန်များ၊ ပြည်တွင်းဖြစ် မော်တော်ယာဉ်များကိုလည်း ဤတံတားကြီးက တစ်ဆင့် ပြည်မကို ပို့ဆောင်ဖြန့်ဖြူးရန်

ဒေသခံ ပြည်သူများကိုယ်စား ကလေးဝမြို့နယ်မှ ဒေသခံပြည်သူ ဦးတင်မောင်မြင့်က စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် မြစ်သာတံတား (ကလေးဝ) ဖွင့်ပွဲအခမ်းအနားတွင် ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

လွယ်ကူသွားသကဲ့သို့ ပခုက္ကူ စက်မှုဇုန်၊ မုံရွာ စက်မှုဇုန်က ထွက်ကုန်များကို ကလေးစက်မှုဇုန်အတွက် မှာယူပို့ဆောင်ရန်လည်း လွယ်ကူလာမှာ ဖြစ်ကြောင်း။

ထို့ပြင် ကလေး–တမူးလမ်းကနေ မြန်မာ–အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးအတွက်လည်း ကွယ်ကူချောမွေ့လာစေမှာဖြစ်ကြောင်း၊ ရှေ့ဆက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် အာရှ၊ အာဆီယံ လမ်းမကြီးများအတွက်လည်း အရေးပါသည့် တံတားတစ်စင်းဖြစ်ကြောင်း။

ယခုကဲ့သို့ အိန္ဒိယနယ်စပ်အထိ သွားလာမှု လွယ်ကူချောမွေ့လာသည်နှင့်အမျှ ဒေသခံ ပြည်သူများအနေဖြင့်လည်း မိမိဒေသထွက်ကုန်များကို တစ်ဖက်နိုင်ငံအထိ ရောင်းဝယ်ဖောက်ကားနိုင်လာပြီး စီးပွားရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်လာနိုင်မှာဖြစ်ကြောင်း။

ဤတံတားကြီး ဖွင့်လှစ်ပေးခဲ့သည့်အတွက် စစ်ကိုင်းတိုင်း ကလေးခရိုင်နှင့် ချင်းပြည်နယ် ဖလမ်းခရိုင်အတွင်း နေထိုင်ကြသည့် လူဦးရေခုနစ်သိန်း၊ ခြောက်သောင်းကျော်အတွက် ကူးလူးဆက်သွယ်မှု လျင်မြန်လွယ်ကူလာစေမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ကျေးဇူးတင်စကား ပြောကြားရာတွင် စစ်ကိုင်းတိုင်းသည် ပထဝီအနေအထားအရ အလွန်ကျယ်ဝန်းသည့် တိုင်းဖြစ်ပါကြောင်း၊ ချင်းတွင်းမြစ်သည်လည်းနယ်မြေအတွင်း ရှည်လျားစွာ စီးဆင်းနေပြီး စစ်ကိုင်းတိုင်း၏ အနောက်မြောက်ပိုင်းဒေသမှာ ချင်းတွင်းမြစ်ကြောင်းကိုသာ အဓိကထား အားကိုးနေခဲ့ရသော ဒေသဖြစ်ပြီး ကုန်းလမ်းသွားလာမှုတွင် ခက်ခဲခဲ့သော ဒေသဖြစ်ခဲ့ရပါကြောင်း။

တစ်ချိန်က မုံရွာမြို့မှ ကလေးဝ–ကလေးမြို့များသို့ သွားမယ်ဆိုရင် မိုင် ၁၆၀ခန့်ရှိသည့် မုံရွာ–ရေဦး–တန့်ဆည်–သက္ကယ်ကျင်း–ကလေးဝ လမ်းအတိုင်း မဟာမြိုင်တောကြီးကို ဖြတ်သန်းသွားခဲ့ရပါကြောင်း၊ အထူးသဖြင့် မိုးတွင်းကာလတွင် ခက်ခက်ခဲခဲဖြင့် သတိထား သွားလာခဲ့ရသည့် လမ်းခရီးကြမ်းဖြစ်ပါကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ ၂၀၀၁ခုနှစ်မှစပြီး အနောက်ဘက်ကမ်းရှိ လက်ခုပ်ပင်–ယာကြီး–ကလေးဝ ကားလမ်းကို ဖောက်လုပ်ပေးခဲ့ပါကြောင်း၊ ယင်းကားလမ်းတစ်လျှောက်ရှိ ချောင်းကြီးချောင်းငယ် အသွယ်သွယ်ကိုလည်း တံတားများ တည်ဆောက်ပြီး ဖြစ်သကဲ့သို့ ချင်းတွင်းတံတား(မုံရွာ)ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ယခုဆိုလျှင် မြစ်သာ မြစ်ကူးတံတား(ကလေးဝ) ကိုလည်း အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

အထောက်အကူပြု

ယခုဆိုလျှင် မုံရွာ–ရွာကြီး–ကလေးဝ မဟာဗျူဟာကားလမ်းသစ်ကြီးမှာ ၁၁၅မိုင်ခန့်ရှိသည့်အတွက် ရေဦးနှင့် သက္ကယ်ကျင်းတို့ကို ပတ်သွားသောလမ်းထက် ၄၅မိုင်ခန့် သက်သာ တိုတောင်းသွားပြီဖြစ်၍ သွက်လက်မြန်ဆန်စွာ အချိန် ၄နာရီဖြင့် မုံရွာမှ ကလေးမြို့ကို ခရီးသွားလာနိုင်ကြပြီဖြစ်ကြောင်း၊ ထို့အပြင် တမူး–မိုးရေး အိန္ဒိယနယ်စပ်အထိ သွားလာနိုင်ပြီး နယ်စပ်စီးပွားကူးသန်းရောင်းဝယ်ရေး လုပ်ငန်းကိုလည်း ပိုမိုသွက်လက်ထက်မြက်စွာ အထောက်အကူပြုလာတော့မှာ ဖြစ်ကြောင်း။

အကျိုးဆက်အနေဖြင့် မော်လိုက်–ကလေးဝလမ်း ၃၆မိုင် ကားလမ်းမှာလည်း မကြာခင် ပြီးစီးတော့မှာဖြစ်၍ ချင်းတွင်းမြစ်အထက်ပိုင်း လမ်းပန်းဆက်သွယ်သွားလာမှု ပိုမိုကောင်းမွန်လာပြီး ဒေသခံပြည်သူများ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာတော့မှာဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ဖွင့်လှစ်သည့် မြစ်သာမြစ်ကူးတံတား(ကလေးဝ)မှာ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

● စာမျက်နှာ ၉ မှ

စစ်ကိုင်းတိုင်းအတွက်သာမက ချင်းပြည်နယ်နှင့် နယ်စပ်ဒေသ၊ ချင်းတွင်းမြစ် အနောက်ဘက်ကမ်းဒေသများ အတွက်ပါ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်လာအောင် အထောက်အကူပြုသည့်အပြင် ဒေသအတွင်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အတွက်ပါ ပိုမိုခိုင်မာစွာ တည်ဆောက်လာနိုင်တော့မှာဖြစ်ကြောင်း။

တပ်မတော်အစိုးရ တာဝန်ယူခဲ့သည့် ကာလအတွင်းစစ်ကိုင်းတိုင်း၌ ကတ္တရာလမ်း ၈၉၈ဒသမ၄မိုင်၊ ကျောက်ချောလမ်း ၂၅၂ဒသမ၃မိုင်၊ မြေသားလမ်း ၄၃၀ဒသမ၆မိုင်နှင့် အမာခံလမ်း ၃၁၂ ဒသမ၇မိုင် စုစုပေါင်း လမ်းမိုင် ၁၈၉၄ မိုင်နှင့် မီးရထားလမ်း ၄၅၃ဒသမ၉၆ မိုင်ကိုလည်း ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ယခင်က ပေ ၁၈၀အထက် တံတားကြီး ၁၄စင်းသာရှိခဲ့ရာမှ ယခုဆိုလျှင် ၂၆စင်းအထိ တိုးတက်ဆောက်လုပ်ပေးခဲ့သလို ပေ ၁၈၀ အောက် တံတားငယ် ၂၉၈၃စင်းရှိခဲ့ရာမှ ယခုဆိုလျှင် ၃၄၂၀စင်းအထိ ဆောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ရာနှုန်းပြည့်သွားလာနိုင်

စစ်ကိုင်းတိုင်းတွင် ကားရောရထားပါ သွားလာနိုင်သည့် ပထမဆုံးသော ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတားကြီး တည်ဆောက်ပေးခဲ့ပြီး မကွေးတိုင်းရှိ ရေစကြို၊ ပခုက္ကူ၊ ဂန့်ဂေါမြို့နယ်များနှင့် ဆက်စပ်ပေးခဲ့ကြောင်း၊ ချောင်းဦး-ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းကိုလည်း ရည်မှန်းချက်ကြီးစွာဖြင့် ဖောက်လုပ်ပေးခဲ့သည့်အတွက် ချောင်းဦးမှ ကျောအထိ ၁၄၆မိုင်နှင့် ကလေးမှ ရေမျက်နီအထိ ၁၀၅မိုင် စုစုပေါင်း ၂၅၁မိုင်ကျော်ကို ရထားများ ပုံမှန်သွားနေပြီဖြစ်ကြောင်း၊ ကျောနှင့် ရေမျက်နီအကြား ပုံညာတောင် ဥမင်နှင့် ဥမင်ရှောင်လမ်းတို့ကို အောင်မြင်စွာ ဖောက်လုပ်ပြီးစီးခဲ့ပြီဖြစ်၍ မကြာမီ ကာလတွင် ပခုက္ကူ-ကလေး မီးရထားလမ်းပိုင်းကိုလည်းရာနှုန်းပြည့် သွားလာနိုင်တော့မှာဖြစ်ကြောင်း။

ထို့အပြင် မိမိတို့ စစ်ကိုင်းတိုင်း အတွင်း၌ ကလေး-ခန္တီး-ဟုမ္မလင်းနှင့် မုံရွာလေယာဉ်ကွင်းများကိုလည်း ပြေးလမ်းများ တိုးချဲ့ခြင်း၊ လေဆိပ် အဆောက်အအုံများကိုလည်း အဆင့်မြင့် ခေတ်မီမွမ်းမံပြင်ဆင်ခြင်းများဖြင့် တည်ဆောက်ပေးထားပြီဖြစ်၍ လမ်းပန်းဆက်သွယ်သွားလာမှုများ လျင်မြန်လွယ်ကူချောမွေ့နေပြီဖြစ်ကြောင်း။

ရေခံမြေခံကောင်းသည့်၊ သဘာဝ သယံဇာတပေါကြွယ်လှသည့် မိမိတို့ စစ်ကိုင်းတိုင်း၏ အခြေခံကောင်းများကို ရယူပြီး အစိုးရ၊ ပြည်သူ၊ တပ်မတော်ဆိုသည့် ခိုင်မာသော စွမ်းအားစုကြီး သုံးရပ်၏ တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုများကြောင့် ယနေ့ဆိုလျှင် အရှိန်အဟုန်ကောင်းစွာဖြင့် ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်၍ အောင်မြင်မှု အသီးအပွင့်များကို ဒေသခံပြည်သူများ ခံစားရရှိနေပြီဖြစ်ကြောင်း၊ လိုအပ်သော အခြေခံများကို တည်ဆောက်ပေးခဲ့သည့် နိုင်ငံတော်ကိုလည်း ဒေသခံပြည်သူများ ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း။

ယနေ့ဖွင့်လှစ်သည့် မြစ်သာမြစ်ကူး တံတား(ကလေးဝ)ကို အစဉ်သဖြင့် ရေရှည်တည်တံ့ ခိုင်မြဲနေစေရန် မိမိတို့နှင့်အတူ ဒေသခံပြည်သူအားလုံးက ဝိုင်းဝန်းကာကွယ် စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကလေးဝမြို့နယ်မှ ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးတင်မောင်မြင့်ကမြစ်သာတံတား(ကလေးဝ) တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအစိုးရကို ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းနှင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို အလုပ်ဖြင့် ပြန်လည်တုံ့ပြန်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

နှုတ်ဆက်စကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နှုတ်ဆက် စကားပြောကြားရာတွင် နိုင်ငံတော်က စစ်ကိုင်းတိုင်းအတွင်း လိုအပ်နေသော အချက်အချာကျသည့် မြစ်သာတံတား ကြီးကိုအောင်မြင်စွာတည်ဆောက်ပြီးစီး ခဲ့ပြီဖြစ်ရာ အောင်မြင်မှု အထိမ်းအမှတ် အဖြစ် ယနေ့ ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဖွင့်ပွဲ အခမ်းအနားကိုယခုကဲ့သို့ မိုးထဲလေထဲ ကြားမှ ကြိုးစားပမ်းစား တက်ရောက် လာကြသည့်အတွက် တိုင်းရင်းသား ပြည်သူများ၏ တက်ကြွသည့်အင်အား၊ စည်းလုံးညီညွတ်သည့် အင်အားကို ထုတ်ဖော်ပြသခြင်းလည်း မည်ပါကြောင်း၊မိမိတို့ပြည်သူများ၏ စိတ်ဓာတ်တန်ဖိုးမြင့်မားမှုကို ဖော်ညွှန်းရာ ရောက်ပါကြောင်း။

ပေါင်းကူးတံတား

ဤမြစ်သာ မြစ်ကူးတံတားသည် ပြည်ထောင်စုကြီး၏ ပေါင်းကူးတံတား ကြီးများအနက် ပေါင်းကူးတံတား တစ်စင်းဖြစ်ပါကြောင်း၊ ချင်းပြည်နယ်နှင့် ဤဒေသပတ်ဝန်းကျင်ရှိ တိုင်းရင်းသား သွေးချင်းများသည် အခြားဒေသများရှိ တိုင်းရင်းသား သွေးချင်းများထံ လွယ်လင့်တကူ အချိန်တိုအတွင်း သွားလာနိုင်အောင် ဤတံတားကြီးက ပေါင်းကူး ဆက်သွယ် ပေးနိုင်ပြီဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် မုံရွာ-ကလေးဝ လမ်းသစ်ကြီးနှင့် ယခုကဲ့သို့ တံတားကြီးများကို စစ်ကိုင်းတိုင်း၌ တည်ဆောက်ပေးခဲ့သကဲ့သို့ အခြားပြည်နယ်၊ တိုင်းများအပါအဝင် ပြည်ထောင်စုကြီး၏ တစ်နံတစ်လျား၊ အရှေ့မှအနောက်၊ မြောက်မှတောင် ကူးလူးဆက်ဆံ သွားလာနိုင်အောင် လမ်းများ၊ တံတားများကို တည်ဆောက်ဖောက်လုပ်ပေးခဲ့ပြီးဖြစ်၍ပြည်ထောင်စုကြီး၏နယ်မြေဒေသ အားလုံးမှာ ရေကြောမြေကြော နီးကပ်စွာ ဆက်စပ်သွားပြီဟု ဆိုရမှာ ဖြစ်ကြောင်း၊ ဤလမ်းများ၊ တံတားများ၏အကျိုးပြုမှုကြောင့် ပြည်ထောင်စုဖွား သားချင်းများ၏ စီးပွားရေးဘဝ တောင့်တင်းမြင့်မားလာမှာဖြစ်သကဲ့သို့ လူနေမှုဘဝအဆင့်အတန်းများသည်လည်း တိုးတက်မြင့်မားလာမှာသေချာကြောင်း။

ကွက်လပ်မကျန်

ပြည်သူများ၏ လူမှုစီးပွားရေးအဆင့် အတန်းမြင့်မားရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မြဲရေးအတွက် အဓိကကျသည့် လမ်း၊ တံတား စသည့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံများကိုသာမက လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တက္ကသိုလ် ကောလိပ်များ၊ ကျန်းမာရေးဆိုင်ရာ ဆေးရုံကြီးများ၊ စီးပွားရေးအခြေခံများ ဖြစ်သည့် ဆည်မြောင်း/တာတမံများ၊ မြစ်ရေတင်စခန်းများကို နိုင်ငံတော်၏ အချက်အခြာဒေသများ၌ ကွက်လပ် မကျန် ထူထောင်ပေးလျက်ရှိကြောင်း။

ရည်ရွယ်ချက်မှာ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး တစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟနေမှုများ လျော့နည်းကျဆင်းပြီး တိုင်းရင်းသား ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာရေး တိုင်းရင်းသားပြည်သူ အားလုံး မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုကြီး အဓွန့်ရှည်စွာ ထည် ထည်ဝါဝါ ရပ်တည်နိုင်ရေးတို့အတွက် ဖြစ်ကြောင်း။

ဖဲကြိုးဖြတ်ဖွင့်လှစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သာအေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် မြစ်သာတံတား(ကလေးဝ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဤမြစ်သာမြစ်ကူး ကြိုးတံတားကို တည်ဆောက်ရာ၌ တည်ဆောက်မှု အတွေ့အကြုံများနှင့် ဆန်းသစ်လာသော နည်းပညာများကို အခြေခံ၍ အကောင်းဆုံး၊ အခိုင်ခံ့ဆုံးဖြစ်အောင် တည်ဆောက်ထားခြင်းဖြစ်ရာ ဤဒေသ အပေါ် နိုင်ငံတော်၏ အလေးထားမှု၊ တန်ဖိုးထားမှုမှာပေါ်လွင်ထင်ရှားလျက် ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဦးဆောင်မှုအောက်မှ မိမိတို့အားလုံး တက်ညီလက်ညီကြိုးစား ပမ်းစား လုပ်ကိုင်ဆောင်ရွက်မှုများ ကြောင့် လမ်းသစ်၊ တံတားသစ်များ တစ်ခုပြီးတစ်ခု ပေါ်ထွက်လာသကဲ့သို့ နိုင်ငံတော်တစ်ဝန်း၌လည်း တည်ငြိမ် အေးချမ်းမှုနှင့် တရားဥပဒေ စိုးမိုးမှု လွှမ်းခြုံလာလျက်ရှိကြောင်း၊ ပြည်သူ များ၏ စီးပွားရေးဘဝသည်လည်း တောင့်တင်းခိုင်မာလာနေပြီ ဖြစ်ကြောင်း။

ယင်းအခြေခံကောင်းများကို အခြေခံပြီး ပြည်ထောင်စုကြီး၏ အနာဂတ် ရှင်သန်ခိုင်မာရေး၊ အေးချမ်းသာယာသော ခေတ်မီတိုးတက်သည့် စစ်မှန်သော ဒီမိုကရေစီ နိုင်ငံတော်ဖြစ်ပေါ်ရေး တို့အတွက် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်ကို မိမိတို့ စတင် အကောင်အထည်ဖော်နေပြီဖြစ် ကြောင်း။ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသား ညီလာခံကြီးကို အောင်အောင်မြင်မြင် ကျင်းပနေပြီဖြစ်ရာ အမျိုးသားညီလာခံကြီး အောင်မြင်ရေးအပါအဝင် မူဝါဒ လမ်းစဉ်(၇)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကျေးလက်ဒေသ၊ နယ်စပ်ဒေသမှအစ ဒေသအားလုံးရှိ တိုင်းရင်းသားပြည်သူ အားလုံးက ပြည်ထောင်စုစိတ်ဓာတ် အရင်းခံ၍ တက်ညီလက်ညီ တက်တက်ကြွကြွ ပူးပေါင်းအကောင်အထည် ဖော်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ မြစ်သာတံတား (ကလေးဝ) ဖွင့်ပွဲအစီအစဉ်ကို တံတား ထိပ်မင်္ဂလာမုခ်ဦး၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဆောက် လုပ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် စောထွန်းတို့က မြစ်သာတံတား (ကလေးဝ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်အပြီးတွင် နိုင်ငံ တော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဒေသခံ ပြည်သူများနှင့်အတူ ဖွင့်ပွဲမုခ်ဦးရှေ့၌ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ရုပ်သိမ်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြစ်သာတံတား (ကလေးဝ)မှတ်တမ်း ကျောက်စာတိုင် ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင် များ၊ ဧည့်သည်တော်များသည် မြစ်သာ တံတား(ကလေးဝ)ကို ဖြတ်သန်း ကြည့်ရှုကြပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

MRTV-4အတွက် ရုပ်သံကျွမ်းကျင်(၂)ရာထူး ရေးဖြေစာမေးပွဲ စစ်ဆေးမည့်နေ့ရက် ကြေညာ

ရန်ကုန် ဇွန် ၁၂

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-4 အတွက် ခေါ်ယူထားသော ရုပ်သံ ကျွမ်းကျင်(၂) (လစာနှုန်းကျပ် ၅၄၀၀-၁၀၀-၅၉၀၀) ရာထူး ရေးဖြေစာမေးပွဲ စစ်ဆေးခြင်းကို ၂၀၀၄ခုနှစ် ဇွန် ၂၇ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ မြန်မာစာ၊ အင်္ဂလိပ်စာ၊အထွေထွေဗဟုသုတ နှင့်ဉာဏ်စမ်းဘာသာရပ်များကို နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ခုံအမှတ်(၁)မှ(၈၅၀)အထိ အထက(၁) စမ်းချောင်း ရန်ကုန်မြို့၌လည်းကောင်း၊ ခုံအမှတ်(၈၅၁)မှ(၂၃၆၄)အထိ အထက(၂) စမ်းချောင်း ရန်ကုန်မြို့၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။

မိမိဖြေဆိုရမည့် ခုံအမှတ်များကို ၂၀၀၄ခုနှစ် ဇွန် ၁၄ရက်မှ ၂၁ရက်အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ကိုယ်တိုင်လာရောက်သတင်းပို့ပြီး ရယူရမည် ဖြစ်သည်။

စာမေးပွဲ လာရောက်ဖြေဆိုသူများသည် စာမေးပွဲဖြေဆိုမည့်နေ့တွင် ပညာအရည်အချင်းအောင်လက်မှတ် မူရင်း၊ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ် ရေးကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်ဖြစ်ကြောင်း၊ စာမေးပွဲနှင့်ပတ်သက်၍ အသေးစိတ် သိလိုပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရုံးချုပ်)တယ်လီဖုန်းအမှတ် ၅၃၇၆၈၅နှင့် တယ်လီဖုန်းအမှတ် ၅၂၇၁၂၂ လိုင်းခွဲ ၁၄၄/၁၄၅/၄၀၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃-၆-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၁၅ ၆။ ပိုင်ကျုံရေထိန်းတံခါး
- ၈:၃၀ ၇။ International News.
- ၈:၄၅ ၈။ Say it in English .
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
- ၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ (အပိုင်း-၅၀) (ဇာတ်သိမ်းပိုင်း)**
- ၁၂:၁၀ ၅။ ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးတံတား
- ၁၂:၂၀ ၆။ **မြန်မာရုပ်ရှင် အတွေ့လေးရယ်မှ အိုအကြို (ကျော်ဟိန်း၊ မင်းဦး၊ မျိုးသန္တာထွန်း) (ဒါရိုက်တာ-မောင်ဝဏ္ဏ)**
- ၂:၄၅ ၇။ International News.
- ၃:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ)(သတ္တဗေဒ)
- ၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
- ၅:၁၅ ၆။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
- ၅:၂၅ ၇။ တေးဂီတအစီအစဉ်
- ၅:၄၀ ၈။ သားချင်းတို့စုစည်းရာပြည်ထောင်စု တိုင်းရင်းသားကျေးရွာ
- ၅:၅၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၃၀ ၁၀။ ညနေခင်းသတင်း
- ၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှင်းပွင့် (အပိုင်း-၂၀)**
- ၇:၃၅ ၁၃။ အေးချမ်းဝေစည် ရှမ်းတို့ဌာနီ (တောင်ပိုင်း)
- ၇:၄၅ ၁၄။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **မြန်မာဗီဒီယိုဇာတ်လမ်း သဒ္ဒါ (အပိုင်း-၂) (လွင်မိုး၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ဒေါ်နု)**
- ၁၀:၃၀ ၁၉။ **EURO 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဆွစ်ဇာလန်နှင့်ခရိုအေးရှား)**

(နံနက်ပိုင်း)

- ၁:၁၅ ၂၀။ **EURO 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပြင်သစ်နှင့်အင်္ဂလန်)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

တွေ့ဆုံ မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပုဏ္ဏားကျွန်းမြို့နယ်တွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ များအား တွေ့ဆုံမှာကြားစဉ်။
(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စစ်တွေ–အမ်း လမ်းပိုင်းရှိ လမ်းတံတားများစစ်ဆေး ရာသီမရွေးသွားလာနိုင်ရေးပြုပြင်ပေးရန်မှာကြား

ရန်ကုန် ဇွန် ၁၂

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးသန်းထွန်းအောင်နှင့် တာဝန်ရှိသူများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၉ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ရန်ကုန်–စစ်တွေ ပြည်ထောင်စုလမ်းမကြီး စစ်တွေ–အမ်းလမ်းအပိုင်းရှိ လမ်းနှင့်တံတား အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကျောက်တန်းချောင်းတံတား

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့နယ်ရှိ ကျောက်တန်းချောင်း တံတားသို့ ရောက်ရှိပြီး လက်ရှိတံတား၏ကြံ့ခိုင်မှု အခြေအနေများနှင့် အသစ်တည်ဆောက်မည့် တံတားအတွက် မြေစမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

လက်ရှိကျောက်တန်းချောင်းတံတားမှာ ၁၉၈၁ ခုနှစ်က ဖွင့်လှစ်ခဲ့ပြီး အရှည်ပေ ၃၄၀နှင့် ခံနိုင်ဝန်အား ၁၃တန်သာရှိသော ဘေလီကြိုးတံတားဖြစ်သည်။

ယခုအခါ ယာဉ်သွားလာမှုများပြားလာခြင်းနှင့် ခံနိုင်ဝန်အားနည်းနေခြင်းတို့ကြောင့် ခံနိုင်ဝန်အား တန် ၆၀ရှိ ကွန်ကရစ်တံတားအဖြစ်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောက်တန်းကျေးရွာရှိ ၁၆ခုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး လူနာများအား အားပေးစကားပြောကြားကာ ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

မင်းချောင်းတံတား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောက်တန်းချောင်း တံတားနှင့် မင်းချောင်းတံတားကြားရှိ လမ်းအခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး မင်းချောင်းတံတား၏ ကြံ့ခိုင်မှု အခြေအနေများကိုလည်း ကြည့်ရှုစစ်ဆေးရာ ပြည်နယ် အင်ဂျင်နီယာမှူး ဦးသိန်းကျော်နှင့် တာဝန်ရှိသူများက မင်းချောင်းတံတား၏ ကြံ့ခိုင်မှုအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တံတားကြီးရေရှည် တည်တံ့ကြံ့ခိုင်ရေးအတွက်အစဉ်မပြတ် ထိန်းသိမ်းမွမ်းမံ ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ မင်းချောင်းတံတားသည် ရန်ကုန်–စစ်တွေ ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ တံတားကြီးများအနက် တံတားတစ်စင်းဖြစ်ပြီး အရှည် ၂၀၀၃ပေရှိ သံပေါင်အမျိုးအစား တံတားဖြစ်ကာ ၂၀၀၀ ပြည့်နှစ်က ဖွင့်လှစ်ခဲ့သည့် တံတားဖြစ်သည်။

ကင်းချောင်းတံတား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကားလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကင်းချောင်း တံတားသို့ရောက်ရှိပြီးတံတား၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကင်းချောင်းတံတားကို ၁၉၉၈ခုနှစ်က ဖွင့်လှစ်ခဲ့ပြီး အရှည်ပေ ၄၄၀ရှိ ဘေလီအမျိုးအစားတံတားဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပုဏ္ဏားကျွန်းမြို့သို့ရောက်ရှိပြီး ပုဏ္ဏားကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဦးရာဇမင်္ဂလာခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး လူနာများအား အားပေးစကား ပြောကြား၍ ဆေးရုံကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သော ဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးရေး ညှိနှိုင်းပေးခဲ့ပြီး ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်ရန် မှာကြားသည်။

ယင်းမှတစ်ဆင့် ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းသည်ပုဏ္ဏားကျွန်းမြို့နယ် နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ တပ်ဖွဲ့ဝင်မိသားစုများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ သက်သာချောင်ချိရေးတို့ကို တာဝန်ရှိသူ အဆင့်ဆင့်က ဖြည့်ဆည်း ဆောင်ရွက်ပေးရေး၊ မိသားစုဝင်များဝင်ငွေ တိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ကြရေးတို့ကို မှာကြားကာ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပုဏ္ဏားကျွန်းမြို့ရှိ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းက ဆောင်ရွက်နေသည့် ဂရုတ်ကောင်း မျိုးပြန့်ပွားရေးနှင့် ပညာပေးရေးစံပြခြံကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဂရုတ်ကောင်းပျိုးခြံ၌ အစေ့မှ စိုက်ပျိုးပင် နှစ်သိန်း၊ ကိုင်းကူးပင်နှစ်သိန်း ပျိုးထောင်ထားပြီး ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦးဒေသရှိ ဂရုတ်ကောင်း စိုက်ပျိုးသူများထံ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည်ပုဏ္ဏားကျွန်းမြို့နယ်ယိုးတရုတ်အခြေခံပညာ မူလတန်းကျောင်းရှိ ဘဲငါးရာတောင်ခြေလယ်ယာမြေဧက ၁၀၀၀ဖော်ထုတ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးသန်းထွန်းအောင်က ကဏန်းတောင်၊ သဲတော၊ ယိုးတရုတ်၊ ရှင်တော်၊ကြံခင်း၊ ပန်းနီလာ၊ အောင်ဖြူပြင်၊ ယိုးငူကွင်းများ၌ စက်ယန္တရားများဖြင့် လယ်ယာမြေဖော်ထုတ်နေမှုအခြေအနေများ၊ ဖော်ထုတ်ပြီးစီးမှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ယခုနှစ်တွင် ဧက ၃၀၀ဖြစ်ထွန်းအောင် စိုက်ပျိုးရေးနှင့် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ ဘဲငါးရာ တောင်ခြေ လယ်ယာမြေဧက ၁၀၀၀ကို သုံးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိရာ လက်ရှိ ၂၈၃ဒသမ ၅ ဧက ဖော်ထုတ်ပြီးစီးပြီဖြစ်သည်။ ယခုနှစ်တွင် ဧက ၃၀၀ပြည့်အောင် ဖော်ထုတ်မည်ဖြစ်ပြီး လာမည့်နှစ်တွင် ဧက ၃၀၀ ထပ်မံဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုက်နယ်ဆေးရုံ

ထိုမှတစ်ဆင့် ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်ကျေးရွာတိုက်နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိ၍ လူနာများအား ကြည့်ရှုအားပေးစကား ပြောကြားကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မျက်နှာကြက် တပ်ဆင်ရေး၊ ပျက်စီးနေသည့် ကွန်ကရစ် အခင်းများပြုပြင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည်စစ်တွေ–အမ်းလမ်းအပိုင်း(၃)(မြောင်းဘွေ–စစ်တွေလမ်းပိုင်း) မိုင်တိုင်အမှတ်(၁၅၂/၀)မှ(၁၆၂/၀) အတွင်း ကျောက်ထပ်ပိုးလွှာတင်ခြင်းနှင့် ကတ္တရာရေပိတ်လွှာ ခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး တာဝန်ရှိသူများအား ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ရာသီမရွေးလွယ်ကူ မြန်ဆန်စွာ သွားလာနိုင်ရေးအတွက် လိုအပ်သည့် ပြုပြင်မှုများကို ဆောင်ရွက်သွားရန်မှာကြားသည်။

တွေ့ဆုံ

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကားလမ်းပြုပြင်ထားမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေး၍ ကျောက်တော် တပ်နယ်သို့ ရောက်ရှိကြသည်။ ကျောက်တော်တပ်နယ် နဝရတ်ခန်းမ၌ အရာရှိ၊ စစ်သည်နှင့်မိသားစုဝင်များအား တွေ့ဆုံ၍ တပ်ဖွဲ့ဝင် မိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သက်သာချောင်ချိရေးတို့အတွက် တာဝန်ရှိသူများ က ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများဆောင်ရွက်သွားကြရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ကျောက်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးကစ္ဆပနဒီခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အမှာစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြား ရာတွင် နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် အစီအမံများချမှတ်၍လည်းကောင်း၊ ဖွံ့ဖြိုးရေး ဒေသကြီး(၂၄)ခုသတ်မှတ်၍လည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်၍လည်းကောင်း၊ မြို့ပြများသာမက ကျေးလက်များပါ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ဒေသဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ကျေးလက်ဒေသအထိ ကွင်းဆင်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေး အခြေအနေများ တိုးတက်ကောင်းမွန်စေရန် ဒေသခံများနှင့် ပူးပေါင်း၍ မိမိတို့စွမ်းဆောင်နိုင်သမျှ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျေးလက်နေ ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေ တိုးတက်ရေးအတွက် အဓိကဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်လိုကြောင်း၊ အထူးသဖြင့် ယခုအခါ မိုးရာသီရောက်ရှိလာပြီဖြစ်၍ မိုးစပါး စိုက်ပျိုးရေးကို သတ်မှတ်ချက်ထက်ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက် အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင်မိမိတို့မြို့ရွာသန့်ရှင်းသာယာလှပစေရေးအတွက် အရိပ်ပင်၊ အလှပင်၊ လေကာပင်များကို အင်တိုက်အားတိုက်စိုက်ပျိုးဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကစ္ဆပနဒီတံတားသို့ ရောက်ရှိပြီး တာဝန်ရှိသူများအား တံတားရေရှည် တည်တံ့ခိုင်မြဲရေးအတွက် တံတားကြံ့ခိုင်မှုကို အမြဲမပြတ်စစ်ဆေးကြည့်ရှုရန် မှာကြားသည်။

ကစ္ဆပနဒီတံတားသည် ရန်ကုန်–စစ်တွေ ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ ၂၅၁၃ပေရှည် တံတားဖြစ်ပြီး ၂၀၀၀ပြည့်နှစ်တွင် ဖွင့်လှစ်ပေးခဲ့သော တံတားဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာပြီး ကျောက်တော်မြို့၌ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

ဆီအုန်းစိုက်ပျိုးရေးအောင်မြင်စေရန်အောက်ပါအတိုင်းဆောင်ရွက်ပါ

၁။ ဆီအုန်းစိုက်ရန် အနည်းဆုံး(၂)နှစ်ခန့်ကြိုတင်စီမံရန်လိုအပ်သဖြင့် နှစ်အလိုက် စိုက်ပျိုးမည့် ဧကလျာထားချက်ကို ကြိုတင်သတ်မှတ်ရေးဆွဲထားပါ။
၂။ ရာသီဥတုကိုက်ညီပြီး မြေသားအထူ အနည်းဆုံး(၃)ပေရှိသော နေရာများတွင် စိုက်ပါ။
၃။ ခြံသုံးပစ္စည်းများပို့ဆောင်ရေး၊ စိုက်ပျိုးထိန်းသိမ်းမှုလွယ်ကူရေးနှင့် ဆီသီးခိုင် များ သယ်ယူနိုင်ရေးတို့အတွက် ခြံတွင်းလမ်းများကို ကြိုတင်၍ စနစ်တကျအကွက်ချ လျာထားဖောက်လုပ်ပါ။
၄။ ဆီထွက်နှုန်းကောင်းသော တင်နရာ(စပ်မျိုး)ကို အသုံးပြုပါ။
၅။ (၁၂)လမှ(၁၈)လသားအရွယ်ရှိ ပျိုးပင်များကို စိုက်ပါ။
၆။ နှစ်စဉ်မေလ(နောက်ဆုံးပတ်)မှ ဇူလိုင်လကုန်အတွင်း စိုက်ခင်းများကို အပြီးစိုက်ပါ။ ပင်သေပင်ပျောက်များကို အပြီး ဖာထေးပါ။
၇။ ကျန်ကာလများတွင် စိုက်ခင်းပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ရာသီကိုက် ဆောင်ရွက်ပါ။
၈။ ဆီအုန်းစိုက်ခင်းများတွင် မြေဆီထိန်းပဲစိုက်ပျိုးခြင်း၊ သင့်လျော်သော ကြားသီးနှံများ စိုက်ပျိုးခြင်းတို့ဖြင့် ပေါင်းပင်များကို နိုင်အောင်နှိမ်နင်းပါ။
၉။ မိုးဦးတစ်ကြိမ်၊ မိုးနှောင်းတစ်ကြိမ် သတ်မှတ်မြေဩဇာများကို အလေးချိန် နှင့် အချိုးအစား မှန်ကန်စွာကျွေးပါ။
၁၀။ ဆီအုန်းစိုက်ခင်းတွင် ကျရောက်ဖျက်ဆီးတတ်သော ပိုးမွှားနှင့် ကြွက်၊ပွေးစသည့် တိရစ္ဆာန်များကို ကာကွယ်နှိမ်နင်းပါ။
၁၁။ ဆီအုန်းစိုက်ခင်း(၂)နှစ်သားအရွယ်တွင် ဆီကြိတ်စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းစတင်ပါ၊ သက်တမ်း(၃)နှစ်ပြည့်ချိန်တွင် စက်အသင့်ဖြစ်အောင် ဆောင်ရွက်ပါ။
၁၂။ နီးစပ်ရာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းနှင့် ဆက်သွယ်၍ အကြံဉာဏ်ရယူဆောင်ရွက်ပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

အမျိုးသားညီလာခံကိုယ်စားလှယ်များ ဗိုလ်တထောင်ကျိုက်ဒေးအပ်စေတီတော်ဖူးမြော် စစ်သမိုင်းပြတိုက်နှင့် လှော်ကားဥယျာဉ်လေ့လာ

ရန်ကုန် ဇွန် ၁၂

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော အစုအဖွဲ့များမှ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး တပ်မတော်စစ်သမိုင်းပြတိုက်နှင့် လှော်ကားဥယျာဉ်တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ကြိုဆို

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော အစုအဖွဲ့များမှ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသား ညီလာခံ ကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆို နေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၇နာရီတွင် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြရာ ဆိပ်ကမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ကြည်နှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် အမျိုးသား ညီလာခံ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံ ကိုယ်စားလှယ်များအား စေတီတော် ရင်ပြင် တနင်္ဂနွေထောင့်ရှိ မြနန်းစံကျော်၊ ရွှေနန်းတော် နန်းဦး ဘုရားကြီးတန်ဆောင်း၌ တာဝန်ခံ အလှည့်ကျ ဂေါပက ဦးခင်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဂေါတမ ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်မြတ်သမိုင်းနှင့် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော် သမိုင်းကို အလှည့်ကျ ဂေါပကအဖွဲ့ဝင် ဦးခင်မောင်ဝင်းက ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်တွင် ဘက်စုံမွမ်းမံပြင်ဆင် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုများနှင့် တိလောကမာရဇိန် ဘိလပ်ပြန် နန်းဦး ဘုရားကြီးသမိုင်းကို ဂေါပကအဖွဲ့ဝင် ဦးအောင်ဆုက ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသား ညီလာခံ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံ ကိုယ်စားလှယ်များက အလှူငွေ စုစုပေါင်း ငွေကျပ် ၁၂၂၇၂၀ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြသည်။

ထို့ပြင် အမျိုးသား ညီလာခံ သဘာပတိ အဖွဲ့ဝင်များနှင့် ညီလာခံ ကိုယ်စားလှယ်များအား ဂေါပကအဖွဲ့က ဘုံပျံဆရာတော် ဦးပညာသာမိရေးသားစီစဉ်သည့် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော် သမိုင်းစာအုပ်များကို တစ်ဦးချင်း ပေးအပ်သည်။

ထို့နောက် အမျိုးသား ညီလာခံ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံ ကိုယ်စားလှယ်များသည် ဂန္ဓကုဋိတိုက်အတွင်းရှိ မြတ်စွာဘုရား၏ ဆံတော်မြတ်အား ဖူးမြော်ကြည်ညိုပူဇော်ကြပြီး စေတီတော်အားလက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် အမျိုးသား ညီလာခံ သဘာပတိ အဖွဲ့ဝင်များနှင့် ညီလာခံ ကိုယ်စားလှယ်များသည် ရန်ကုန်မြို့ ရွှေတိဂုံ ဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့ သွားရောက် ကြည့်ရှုလေ့လာကြရာ စစ်သမိုင်း ပြတိုက်နှင့် တပ်မတော် မော်ကွန်း တိုက်မှူးရုံးမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြတိုက် အဝင်ခန်းမ၌ ဦးစီးအရာရှိ (ဒုတိယတန်း) ဗိုလ်မှူး ကျော်ကျော်မြင့်က ကြိုဆိုနှုတ်ခွန်းဆက် စကားနှင့် တပ်မတော်စစ်သမိုင်းပြတိုက် အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

လှော်ကားဥယျာဉ်

ထို့နောက် အမျိုးသား ညီလာခံ သဘာပတိ အဖွဲ့ဝင်များနှင့် ညီလာခံ ကိုယ်စားလှယ်များသည် တပ်မတော် စစ်သမိုင်းပြတိုက်အတွင်း ခင်းကျင်းပြသထားသော စစ်သမိုင်းပြတိုက်နှင့် တပ်မတော် မော်ကွန်းတိုက်မှူးရုံးပြခန်းများ၊ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၊ ဦးတည်ချက် (၁၂) ရပ်ပြခန်း၊ အမျိုးသား စည်းလုံးညီညွတ်ရေး ကြိုးပမ်းမှုပြခန်း၊ တပ်မတော်(ရေ) ပြခန်း၊ တပ်မတော်(လေ)ပြခန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးများ ပြခန်းများ၊ တိုင်းစစ်ဌာနချုပ်ပြခန်းများ၊ ဝန်ကြီးဌာန အသီးသီးပြခန်းများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပြခန်းနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီပြခန်းတို့ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ အမျိုးသား ညီလာခံ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံ ကိုယ်စားလှယ်များသည် ရန်ကုန်(မြောက်ပိုင်း)ခရိုင်ရှိ လှော်ကားဥယျာဉ်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိန်၊ လှော်ကားဥယျာဉ် အုပ်ချုပ်ရေးမှူး ဒေါက်တာမြင့်စိန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာပေး ပြခန်း၌ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိန်က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် လှော်ကားဥယျာဉ် အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသား ညီလာခံ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံ ကိုယ်စားလှယ်များသည် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေး ပြခန်း၊ လှော်ကားတိရစ္ဆာန်ဥယျာဉ်ငယ် အတွင်းရှိ ငှက်ရုံ၊ မိကျောင်းကန်၊ ဝက်ဝံကျုံ၊ ကျားသစ်ကျုံနှင့် ငှက်ပြတိုက်တို့ရှိ တိရစ္ဆာန်များနှင့် အင်ကျားတို့ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။ ယင်းနောက် အမျိုးသား ညီလာခံ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံ ကိုယ်စားလှယ်များသည် မော်တော်ယာဉ်များဖြင့် လှော်ကားဥယျာဉ်အတွင်း လိုက်လံကြည့်ရှုလေ့လာကြပြီး နံနက် ၁၁နာရီ ၁၅မိနစ်တွင် လှော်ကားဥယျာဉ်မှ ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုကြစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရန်ကုန်(မြောက်ပိုင်း)ခရိုင် လှော်ကားဥယျာဉ်တွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိန်က လှော်ကားဥယျာဉ်အကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

ညီလာခံကိုယ်စားလှယ်များအား ဖျော်ဖြေခဲ့သည့် ရုပ်ရှင်အနုပညာရှင်များအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အမျိုးသားညီလာခံကိုယ်စားလှယ်များအား သွားရောက်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် အနုပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ကျင်းပရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်နှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များနှင့် အနုပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်တင်က ရုပ်ရှင်အနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး ရုပ်ရှင်အနုပညာရှင်များကိုယ်စား အကယ်ဒမီ ထွန်းထွန်းဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား သွားရောက်ဖျော်ဖြေခဲ့သည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် အနုပညာရှင်များအား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ရော်ဘာစိုက်ပျိုးရေးအောင်မြင်စေရန် အောက်ပါအတိုင်းဆောင်ရွက်ပါ

၁။ ရော်ဘာစိုက်ရန်အနည်းဆုံး(၂)နှစ်ခန့် ကြိုတင်စီမံရန်လိုအပ်သဖြင့် နှစ်အလိုက်စိုက်ပျိုးမည့် ကေလျာထားချက်ကို ကြိုတင်သတ်မှတ် ရေးဆွဲထားပါ။
၂။ ရာသီဥတုကိုက်ညီပြီး မြေသားအထူ အနည်းဆုံး(၄)ပေခန့်ရှိသော နေရာများတွင် စိုက်ပါ။
၃။ ခြံသုံးပစ္စည်းများပို့ဆောင်ရေး၊ စိုက်ပျိုးထိန်းသိမ်းမှုနှင့်အစေးလှီးသယ်ယူရာတွင် လွယ်ကူရေးတို့အတွက် လိုအပ်သည့် ခြံတွင်းကုန်ထုတ်လုပ်ငန်းများကို လုံလောက်စွာစနစ်တကျ အကွက်ချလျာထားဖောက်လုပ်ပါ။
၄။ အစေးထွက်ကောင်းသော PB260, PB 235, RRIM 600, RRIM623, RRIM717, BPM 24, RRIC 100, RRIC110 နှင့် နောင်နန်းမျိုးသန့်စေ့မျိုးများကိုစိုက်ပါ။
၅။ ရော်ဘာပျိုးပင်များရရှိရေးအတွက် စိုက်ချိန်မတိုင်မီ အနည်းဆုံး(၁)နှစ် ကြိုတင်၍ဆောင်ရွက်ပါ။
၆။ နှစ်စဉ်မေလ(နောက်ဆုံးပတ်)မှ ဇူလိုင်လကုန်အတွင်း စိုက်ခင်းများကိုအပြီးစိုက်ပါ။ လိုအပ်သည့်နေရာတွင် ဖာထေးစိုက်ပါ။
၇။ အပင်ဖာထေးစိုက်ပျိုးခြင်းကို သက်တမ်း(၃)နှစ်အတွင်း အပြီးဆောင်ရွက်ပါ။
၈။ ကျန်ကာလများတွင် စိုက်ခင်းပြုစုထိန်းသိမ်းခြင်းကို အောက်ပါအတိုင်း ရာသီမီဆောင်ရွက်ပါ။
(က) (၆)ပေ(၈)ပေ လိုင်းတန်းပေါင်းရှင်းခြင်းကို မိုးဦး(မေ–ဇွန်)လများတွင် ဆောင်ရွက်ပြီး မိုးနှောင်း ခုတ်မြေဩဇာမကျွေးမီ (စက်တင်ဘာ)လတွင် အပြီးဆောင်ရွက်ပါ။
(ခ) အပင်လိုင်းတန်းကြား ပေါင်းခုတ်ခြင်းကို မိုးဦးတွင် (ဇွန်–ဇူလိုင်)လများတွင်လည်းကောင်း၊ မိုးနှောင်းတွင် (စက်တင်ဘာ–အောက်တိုဘာ)လများတွင် ဆောင်ရွက်ပါ။
(ဂ) မိုးဦးမြေဩဇာကျွေးခြင်းကို ဇွန်လတွင်လည်းကောင်း၊ မိုးနှောင်းမြေဩဇာကျွေးခြင်းကို စက်တင်ဘာလတွင်လည်းကောင်းသတ်မှတ်မြေဩဇာ အလေးချိန်၊ အမျိုးအစားနှင့်နည်းစနစ်မှန်ကန်စွာကျွေးပါ။
(ဃ) အစိုခုတ်ထိန်းခြင်းကို စက်တင်ဘာ၊ အောက်တိုဘာလများတွင် စနစ်တကျပြုလုပ်ပါ။
၉။ ခြံပတ်နှင့် ခြံတွင်းမီးတားလမ်းများကို နိုဝင်ဘာလ၊ ဒီဇင်ဘာလများတွင် ပြုလုပ်ပါ။
၁၀။ ရော်ဘာစိုက်ပျိုးရေးအောင်မြင်စေရေးအတွက် နီးစပ်ရာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းနှင့်ဆက်သွယ်၍ အကြံဉာဏ်များရယူဆောင်ရွက်ပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားနှင့် ပြည်နယ်နှင့်တိုင်း လက်ရွေးပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇွန် ၁၂

၂၀၀၄ခုနှစ် ဒုတိယအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (က)အဆင့်နှင့် (၃၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သက်ငယ်တန်း၊ (ဂ)အဆင့်၊ (ခ)အဆင့် တံခွန်စိုက် လက်ရွေးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၃နာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ကြည့်ရှု အားပေးပြီး တံခွန်စိုက်ဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က စွယ်စုံတံခွန်စိုက် ဒိုင်းဆုရ ရန်ကုန်တိုင်း၊ (က)အဆင့်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းအသင်း၊ (ခ)အဆင့်ပြိုင်ပွဲ ပထမဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်း၊ (ဂ)အဆင့်ပြိုင်ပွဲ ပထမဆုရ ကရင်ပြည်နယ်အသင်း၊ သက်ငယ်တန်းပြိုင်ပွဲ ပထမဆုရ မန္တလေးတိုင်းအသင်းတို့အား တံခွန်စိုက်ဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဝန်ကြီးက ပြည်နယ်နှင့်တိုင်း အသင်းများအား လက်ရွေ့ အထောက်အကူပြု ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး အားကစားသမားဆုများကို သက်ငယ်တန်းပြိုင်ပွဲ၌ ကိုမျိုး(မန္တလေးတိုင်း)၊ (ဂ)အဆင့်ပြိုင်ပွဲ၌ ဖေယျာဝင်း (ရန်ကုန်)၊ (ခ)အဆင့် ပြိုင်ပွဲ၌ ကျော်ဟိန်း (ရှမ်းပြည်နယ်မြောက်ပိုင်း) တို့က အသီးသီး ဆွတ်ခူးရရှိသွားသည်။ (ကြေးမုံ)

တံခွန်စိုက်ဆုဖလားချီးမြှင့်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် (က)အဆင့်ပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဆုဖလားချီးမြှင့်စဉ်။ (ကြေးမုံ)

ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လှူဒါန်းပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၂

မုံရွာခရိုင် အရာတော်မြို့နယ် ဘောင်းကျကျေးရွာ၌ ငွေကျပ် ၉၅သိန်း အကုန်အကျခံ တည်ဆောက်ပြီးစီးခဲ့သည့် အခြေခံပညာမူလတန်းလွန် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လှူဒါန်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၃ရက်တွင် အဆိုပါ ကျောင်းဆောင်သစ်၌ ကျင်းပရာ မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝိမလ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး အရာတော်မြို့နယ် ပညာရေးမှူး ဦးကိုကို၊ ဘောင်းကျကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိန်နှင့် တာဝန်ရှိသူများ၊ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်ထွန်းက မြို့နယ်ပညာရေးမှူး ဦးကိုကိုထံလည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်မြင့်က ဖွင့်ပွဲအထိမ်းအမှတ်အလံကို မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့ထံလည်းကောင်း ပေးအပ်ကြသည်။ (သတင်းစဉ်)

✧ **ကျောဖုံးမှ**

ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ဆွစ်ဇာလန်အသင်း၌ ပါဝင်ကြမည့် ကစားသမားအများစုမှာ အင်္ဂလန်နှင့် ဂျာမနီနိုင်ငံများရှိ ဒုတိယတန်းတွင် ကစားနေကြသူများဖြစ်သည်။

နည်းပြဆရာ ဂျာကော့ဘ်ခန်းသည် ဆွစ်ဇာလန်အသင်းကို ၄–၄–၂ ပုံစံချ၍ ကစားမည်ဖြစ်သည်။ အကယ်၍ ပြိုင်ဘက်အသင်း၏ အခြေအနေနှင့် မိမိကစားသမားတို့၏ အနေအထားကို ကြည့်ပြီး ၄–၅–၂ ပုံစံဖြင့်လည်း ကစားသွားဖွယ်ရှိသည်။ ဆွစ်ဇာလန်၏ ဗဟိုခံစစ်မှာ မူလာနှင့်ရာကင်တို့ ကစားလိမ့်မည်ဖြစ်သည်။ ဘယ်အစွန်းမှာ ဘာနာနှင့် ညာအစွန်းတွင် လီဗာပူးမှ ဟန်ချော့စ်ကို လျာထားသည်။

ဆွစ်ဇာလန်၏ အလယ်တန်းသည် အနည်းငယ်အားနည်းသည်။ စတုဂတ်မှ ဟာကန်ရာဘင်သာရှိသည်။ ကျန်အလယ်တန်း ကစားသမားများသည် တိုက်စစ်မှူးများကို အထောက်အပံ့ပေးခြင်းနှင့် တိုက်စစ်မှူးများကို ကာဘာလုပ်ပေးခြင်းတို့သာ လုပ်ပေးနိုင်သည်။ အဓိကလူမှာ ဟာကန်ရာဘင် ဖြစ်သည်။

သူ၏ ဘယ်ခြေထောက်က ဒေါင့်ကန်ဘော ကန်ရာတွင်လည်းကောင်း၊ ဖရီးကစ်ကန်ရာတွင် လည်းကောင်း အားကိုးရသည်။ သူသည် ရှေ့တန်းမှ ဖရိုင်းနှင့် ချာပူဆတ်ကို ဂိုးရအောင် ဖန်တီးပေးလိမ့်မည်။ ရှေ့တန်းတိုက်စစ်မှူး ချာပူဆတ်သည် တန်ပြန်တိုက်စစ်တွင် ဖရိုင်းလောက် အားမကိုးရချေ။ ချာပူဆတ်သည် အသက် (၃၄) နှစ်ရှိပြီဖြစ်သည်။ ဖရိုင်းတစ်ယောက်သာ အားကိုးရမည်။ လူငယ်တိုက်စစ်မှူး ဖရိုင်းက တန်ပြန်တိုက်စစ်တွင် အားကိုးရပေသည်။

အကယ်၍ ဆွစ်ဇာလန်သည် ပြိုင်ပွဲ၏ အနေအထားကို ကောင်းစွာ မထိန်းသိမ်းနိုင်ပါက ကစားသည့်စနစ်ကို ပြောင်းကစားဖွယ်ရှိသည်။ ချာပူဆတ်ကို အလယ်တန်းဆင်းပြီး ၄–၅–၂ ပုံစံ ကစားလိမ့်မည်။

ခရိုအေးရှားသည် ၁၉၉၈ခုနှစ် ကမ္ဘာ့ဖလားတွင် တတိယရရှိခဲ့သော အသင်းဖြစ်သည်။ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားတွင်မူ အုပ်စုမှ လှည့်ပြန်ခဲ့ရသည်။ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားတွင် ခရိုအေးရှားသည် အီတလီကို နှစ်ဂိုး–တစ်ဂိုးဖြင့် တစ်ပွဲသာနိုင်သည်။ မက္ကဆီကိုနှင့် အီကွေဒေါအသင်းများကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးကာ အုပ်စုမှ ထွက်ခဲ့ရသည်။

၂၀၀၄ ယူရိုပြိုင်ပွဲဝင်မည့် ခရိုအေးရှားအသင်းမှာ ကမ္ဘာ့ဖလားကစားခဲ့သော ကစားသမားများ ပြန်လည်ပါဝင်ခဲ့သည်။ ၁၉၉၈ခုနှစ် ကမ္ဘာ့ဖလားမှ ခရိုအေးရှားအသင်းသည် ယူရိုခြေစစ်ပွဲကို ဒုတိယအကြိမ် ခြေစစ်ပွဲကစားပြီးမှ တက်လာနိုင်သည်။ ခရိုအေးရှားသည် အုပ်စုအတွင်းတွင် ဘူဂေးရီးယား၊ ဘယ်လ်ဂျီယံ၊ အက်(စ်)တိုးနီးယား၊ အန်ဒိုရာအသင်းများနှင့် ကစားခဲ့ရသည်။ ဘယ်ဂျီယံကို နှစ်ပွဲစလုံး ရှုံးသောကြောင့် အုပ်စုဒုတိယသာ ရခဲ့သည်။ စလိုဗေးနီးယားနှင့် အဆုံးအဖြတ် ခြေစစ်ပွဲကစားပြီး တက်လာရသည်။ မည်သို့ပင်ဖြစ်စေ ခရိုအေးရှားသည် အစဉ်အလာရှိပြီး ဥရောပပြိုင်ဘက်အသင်းများ လေးစားရသောအသင်းဖြစ်သည်။

နည်းပြဆရာ အော့တိုဘားရစ်က သူ့အသင်းကို ခံစစ်လုံအောင် တည်ဆောက်ထားသည်။ ခရိုအေးရှားအသင်းသည် ဆွစ်ဇာလန်အသင်းကဲ့သို့ပင် အရွယ်ကောင်းများဖြင့် ဖွဲ့စည်းထားသည်။ နောက်တန်းဗဟိုကစားသမားနှစ်ယောက်၏ နောက်တွင် ကစားသမားရံတစ်ယောက် ကစားဖြစ်သည်။ ၎င်းစနစ်ကြောင့် အလယ်တန်းတွင် အားနည်းချက်ရှိရာ တိုမစ်က တက်၍ ဖြည့်ဆည်းပေးမည်ဖြစ်သည်။

သို့သော် ခရိုအေးရှား၏ အဓိကပြဿနာမှာ တူဒေါ ဒဏ်ရာရနေခြင်းဖြစ်သည်။ တူဒေါသည် ပါရမီရှင် ကစားသမားတစ်ယောက်ဖြစ်သည်။ ဂျူဗီအတွက် အကောင်းဆုံး ကစားပေးခဲ့သူဖြစ်သည်။

ခရိုအေးရှား အလယ်တန်းတွင် ရက်တာဒွန်းနစ်မှ ဒါရီယိုဆာနာ၊ ဟာသာဘာလင်မှ နီကိုကိုဗက်၊ အန်ကိုနာမှ မီလန်ရက်ပက်ဂျက်စ်တို့ ကစားဖွယ်ရှိသည်။ ရှေ့တန်းမှာ မိုနာကိုမှ ပါရာဆို၊ ဘင်ဖိကာမှ ဆိုကိုတာတို့ ကစားလိမ့်မည်။

နည်းပြဆရာ ဘားရစ်၏ နည်းဗျူဟာကို လေ့လာကြည့်လျှင် ခံစစ်ကို လုံခြုံအောင် တည်ဆောက်ပြီး တန်ပြန်ထိုးစစ်ဆင်မည့် သဘောရှိလေသည်။ ဆွစ်ဇာလန်သည် ကွင်းလယ်ကစားကွက်ကို စိုးမိုးချုပ်ကိုင်ပြီး ခရိုအေးရှားကို အတင်းတက်ဖိကစားမည်ဆိုပါက အန္တရာယ်အား ဖိတ်ခေါ်လိုက်သည်နှင့် တူပေမည်။ ခရိုအေးရှား ကစားကွက်သည် ပြိုင်ဘက်များ ဖိကစားချင်လာအောင် မြှူဆွယ်ထားသည်။ ထို့ကြောင့် ခရိုအေးရှား၏ ကစားပုံသည် ကြောက်စရာကောင်းလှသည်။

သို့သော် ခရိုအေးရှားအသင်းမှာ ဉာဉ်ကလေးတစ်ခုရှိသည်။ အသင်းကြီးများနှင့် ကစားရာတွင် အနိုင်ရအောင် ကစားတတ်ပြီး အသင်းငယ်များနှင့် ကစားရာတွင် ရှုံးတတ်သည်။ ထို့ကြောင့် ခရိုအေးရှားအသင်းကို လုံးဝဥဿုံ ယုံစားရန်ခက်သည်။ မည်သို့ပင်ဖြစ်စေ အစဉ်အလာတစ်ခုရှိခဲ့သော ခရိုအေးရှားအပေါ် မဝံ့မရဲဖြင့် ရင်ခုန်စွာ စောင့်မျှော်ကြည့်ရမည်ဖြစ်သည်။

ဇွန် ၁၄ ရက်
(တနင်္လာနေ့)
နံနက် ၁း၃၀ နာရီ
ပြင်သစ်–အင်္ဂလန်

၂၀၀၂ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် အုပ်စုမှလှည့်ပြန်ခဲ့ရသော ပြင်သစ်သည် ခပ်ချောင်ချောင် အုပ်စုပွဲများကို ကစားပြီးတက်လာခဲ့သည်။ သူ့အုပ်စုတွင် ပါဝင်ခဲ့သောအသင်းများမှာ စလိုဗေးနီးယား၊ အစ္စရေး၊ ဆိုက်ပရပ်၊ မော်လ်တာတို့ဖြစ်သည်။ အုပ်စုအတွင်း ပါဝင်ခဲ့သောအသင်းများသည် ပြင်သစ်အသင်းကို ခြိမ်းခြောက်ကစားနိုင်သော အသင်းတစ်သင်းမှ မပါဝင်ခဲ့ချေ။ ထို့ကြောင့် ပြင်သစ်အသင်းသည် ရှစ်ပွဲစလုံးနိုင်ကာ အုပ်စုပထမဖြင့် နောက်ဆုံးအဆင့်သို့ တက်လာခဲ့သည်။

ပြင်သစ်အသင်းမှာ ကမ္ဘာကျော် ဘောလုံးသမား အမြောက်အမြားပါဝင်သည်။ ဥပမာ ချယ်လ်ဆီးမှ ဒက်ဆယ်လီ၊ ဘေယန်မှ လီဇာရာဇူး၊ ဂျူဗင်တပ်မှ သူရမ်၊ မန်ယူမှ ဆီဗက်စထရာ၊ ရီးမားမှ ဒါကုတ်၊ ချယ်လ်ဆီးမှ မတ်ခ်လီလီ၊ အာစင်နယ်မှ ပီရက်စ်၊ မိုနာကိုမှ ရိုသန်၊ အာစင်နယ်မှ ဗီယာရာ၊ ရီးယယ်မှ ဇီဒန်း၊ အာစင်နယ်မှ ဝီးလ်တော့နှင့် အွန်နရီ၊ မန်ယူမှ ဆာဟာ၊ ဂျူဗီမှ ထရေဇီဂေးလ်တို့ဖြစ်ကြသည်။ ဆီဗက်စထရာ၊ ရိုသန်၊ ဗီယာရာ၊ အွန်နရီ၊ ဆာဟာ၊ ထရေဇီဂေးတို့မှလွဲပြီး ကျန်ကစားသမားများသည် အသက် ၃၀နှင့် ၃၀ ကျော်များ ဖြစ်ကြသည်။ ကမ္ဘာ့ဖလားပွဲကစားစဉ်က ယခုအုပ်စုကိုပင် အခြေခံကစားခဲ့သည်။

နည်းပြဆရာ ရက်ဆန်တီနီက အသင်းကို ၄–၄–၂ ပုံစံ သို့မဟုတ် ၄–၂–၃–၁ ပုံစံကျ ကစားသွား ဖွယ်ရှိသည်။ နာမည်ကျော်ကြားမှုနှင့် အတွေ့အကြုံအရဆိုလျှင် ပြိုင်ပွဲဝင်အသင်းတိုင်းသည် ပြင်သစ်ကို ယှဉ်ပြိုင်ဖို့ မလွယ်ချေ။ နေရာစုံ၊ ထောင့်စုံမှ ပြည့်စုံနေသော အသင်းဖြစ်သည်။ မိုနာကို ကွင်းလယ်ကစားသမား ရိုသန်ဆိုလျှင် ချန်ပီယံလိဂ်မှာ တစ်ဟုန်ထိုးထောင်တက်လာသော ကစားသမားဖြစ်သည်။ ပြိုင်ဘက်အသင်းများကို ဒုက္ခကောင်းကောင်း ပေးနိုင်သော ကွင်းလယ်ကစားသမား ဖြစ်သည်။

ရှေ့တန်းတွင် အွန်နရီ၊ ထရေဇီဂေးတို့အပြင် ဆာဟာတစ်ယောက်တည်း ပရီမီယာလိဂ်မှာ ခြေစွမ်းပြပြီး ပေါ်ထွက်လာပြန်သည်။ ထို့ကြောင့် ပြင်သစ်၏ကွင်းလယ်နှင့် ရှေ့တန်းမှာ စိတ်ချယုံကြည်ရသည်။

သို့သော် ပြင်သစ်၏ နောက်တန်းသည် အတွေ့အကြုံအရကြည့်လျှင် တောင့်တင်းခိုင်မာမှုရှိသည်ဟု ထင်ရသော်လည်း အသက်အရွယ်ကြီးရင့်နေကြပြီဖြစ်သည်။ ၎င်းအချက်သည် ပြင်သစ်၏ အဓိကအားနည်းချက်ဖြစ်သည်။ အကယ်၍ ဆီဗက်စထရာကို သုံးလျှင် ငယ်ရွယ်သူဆို၍ သူတစ်ယောက်သာရှိသည်။ ကျန်လူများသည် ၃၀ ကျော်ချည်းဖြစ်သည်။

အင်္ဂလန်သည် နည်းပြ အဲရစ်ဆန်လက်ထဲ ရောက်ပြီးကတည်းက တိုးတက်ပြောင်းလဲလာသည်။ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပွဲတွင် အင်္ဂလန်ကစားပုံသည် များစွာတိုးတက်ပြောင်းလဲသွားသည်ကို စတင်သတိပြုမိသည်။ ၎င်းကမ္ဘာ့ဖလားပွဲတွင် တစ်ပွဲထက် တစ်ပွဲ ကစားပုံကောင်းသည်ထက်ကောင်းခဲ့သည်။ အထူးသဖြင့် အာဂျင်တီးနားနှင့်ပွဲတွင် ပို၍ကောင်းသည်။ ဘက်ဟမ်းသည် ညာခြမ်းမှသာ ထိုးဖောက်မကစားတော့ဘဲ ဘယ်ခြမ်းမှလည်း ပြောင်းလဲကစားသွားသည်။

ယူရို–၂၀၀၄ ခြေစစ်ပွဲတွင် အင်္ဂလန်သည် တူရကီ၊ စလိုဗေးကီးယား၊ မက်ဆီးဒိုးနီးယား၊ လက်(ချ်) စတိန်းတို့နှင့် ကစားရသည်။ အင်္ဂလန်၏ ခြေစစ်ပွဲခြေရည်သည် စွဲမက်စရာ မကောင်းချေ။ မက်ဆီးဒိုးနီးယားနှင့် တူရကီအသင်းများကို အကြိတ်အနယ် ကစားခဲ့ရလေသည်။ အုပ်စုပထမဖြင့် တက်လာသော်လည်း ကျေနပ်ဖွယ်ကောင်းသောခြေအဆင့်တွင် မရှိဘဲ ဖြစ်ခဲ့သည်။

သို့သော် အင်္ဂလန်သည် နောက်ဆုံးလူစာရင်း ထွက်လာသည့်အခါ လူငယ်နှင့် အရွယ်ကောင်းများ ပေါင်းစပ်ဖွဲ့စည်းထားသည်ကို တွေ့ရသည်။ ကစားသမားအားလုံးသည် ၃၀နှစ်အောက်များ ဖြစ်ကြသည်။ အလယ်တန်းမှာဆိုလျှင် လီဗာပူးမှဂျရတ်၊ ချယ်လ်ဆီးမှ လမ်းပတ်၊ နယူးကာဆယ်မှ ကီယွန်ဒိုင်ယာ၊ ဘေယန်မြူးနစ်မှ အိုဝင်ဟားဂရေဗ့်တို့သည် ယခုနှစ် ဘောလုံးရာသီမှာ သိသိသာသာ ထောင်ထွက်လာသော ကစားသမားများဖြစ်သည်။

နောက်တန်းမှာ ဖာဒီနန် မပါဝင်သော်လည်း တောင့်တင်းသည့် အနေအထားတွင်ရှိသည်။ ဂျွန်တယ်ရီနှင့် ဝိန်းဘရစ်(ချ်)ကို ဖာဒီနန် နေရာမှာ အစားထိုးနိုင်သည့် လူငယ် နောက်တန်းသမား ဖြစ်သည်။

အင်္ဂလန်၏ရှေ့တန်းသည် ပြင်သစ်ရှေ့တန်းနှင့် ယှဉ်ပြိုင်လျှင် သမ္မာအရရော၊ ခြေစွမ်းအရပါကွာနေသည်။ ဝိန်ရူနေးလ်၊ မိုက်ကယ်အိုဝင်တို့သည် တန်းဝင်တိုက်စစ်မှူးများ မဟုတ်သေးချေ။ ပြိုင်ဘက်ကစားသမားနှစ်ယောက် သုံးယောက်လောက်ကို လိမ်ထွက်သွားနိုင်သည့် အရည်အသွေး မရှိ။ အလယ်တန်းမှ ဖန်တီးပေးသော ဘောလုံးကို ငယ်ဂုဏ် လျင်မြန်မှုအားဖြင့် ထိုးဖောက်ကစားနိုင်သော စွမ်းရည်သာရှိသည်။

ပြိုင်ပွဲဝင်ခြေပွဲများကို လေ့လာကြည့်ရာတွင် အင်္ဂလန်ကစားဟန်သည် ဘရာဇီးပုံစံပေါက်နေသည်။ ၄–၄–၂ ပုံစံကို အထိုင်ချ ကစားသော်လည်း ဘရာဇီးအသင်းကစားသလို ပြိုင်ဘက်အခြေအနေပေါ်မူတည်ပြီး ထိုးဖောက်ကစားဟန်မရှိဘဲ ဖြစ်နေသည်။ လူနေရာအလိုက် အချိတ်အဆက်ဖြင့် ထိုးဖောက်ကစားသည်။ အကယ်၍ အင်္ဂလန်ကစားသမားများတစ်ဦးချင်း ပင်ကိုစွမ်းရည် ကောင်းမည်ဆိုလျှင် ဘရာဇီးပုံစံ ကစား၍ရနိုင်သည်။ ယခုတော့ အင်္ဂလန်သည် အဆင့်တစ်ဆင့်လိုနေသည်။ ပြင်သစ်ကို ၎င်းဟန်အတိုင်း ကစားသွားနိုင်သည်။

ထို့အပြင် အင်္ဂလန်အသင်းသည် ပြိုင်ဘက်အသင်း၏ အနေအထားကို ကြည့်ပြီး ကစားသည့် စနစ်ကို ပြောင်းလဲကျင့်သုံးဖွယ်ရှိသည်။ ကမ္ဘာ့ဖလားပြိုင်ပွဲအတွေ့အကြုံအရတင်ပြခြင်းဖြစ်သည်။ ဥပမာ ၄–၄–၁–၁၊ ၄–၅–၁–၊ ၄–၃–၃ စနစ်များဖြင့် ပြန်လည် ကစားနိုင်သည်။

ယနေ့ပွဲစဉ်သည် အင်္ဂလန်အတွက်ရော ပြင်သစ်အတွက်ပါ အရေးပါသည့် ပွဲတစ်ပွဲဖြစ်သည်။ ကွင်းလယ်ကို ထိန်းချုပ်နိုင်ပြီး ဂိုးစတင်ရသောအသင်းက အနိုင်ရဖို့များသည်။ သို့မဟုတ်ပါက သရေဖြစ်နိုင်သည်။ နှစ်ဖက်စလုံးက ကွင်းလယ်တွင်ကောင်းကြသူများဖြစ်သည်။ အင်္ဂလန်ကငယ်ပြီး သွက်လက်သူများသည်။ သမ္မာရင့် ပြင်သစ်နှင့် ခြေစွမ်းအထက်ဆုံးရောက်နေသော အင်္ဂလန်တို့ ဘယ်သူနိုင်မည်ဆိုသည်ကို စောင့်မျှော်ကြည့်ရမည်ဖြစ်သည်။ ။

အင်္ဂလန်နှင့် ယနေ့ ယှဉ်ပြိုင်ကစားမည့် ပြင်သစ်အသင်း။

ယူရို-၂၀၀၄ ပွဲဦးထွက် အိမ်ရှင်ပေါ်တူဂီရှုံး ဂရိအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ

ရန်ကုန် ဇွန် ၁၂

၂၀၀၄ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ(ယူရို-၂၀၀၄) ဘောလုံးပြိုင်ပွဲကို ပေါ်တူဂီနိုင်ငံရှိ ဒရာဂါအိုဘောလုံးကွင်းကြီး၌ ယနေ့စတင်ကျင်းပရာ အားပေးသူပရိသတ် ၄၀၀၀၀ကျော်ရှေ့မှောက်၌ အိမ်ရှင်ပေါ်တူဂီအသင်း မှန်းချက်နှင့်နှမ်းထွက်မကိုက်ဘဲ အုပ်စု၌ အားနည်းသည်ဟု သတ်မှတ်ခံထားရသော ဂရိအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးသွားခဲ့ရသည်။

ဂရိအသင်း – နှစ်ဂိုး။
ကာရာဂူအိုနစ်နှင့် ဘာစီနပ်စ်(ပိုင်နယ်တီ)
ပေါ်တူဂီအသင်း – တစ်ဂိုး။
ရော်နယ်ဒို

ယူရို-၂၀၀၄ပွဲဦးထွက်ပွဲစဉ်တွင် ကမ္ဘာကျော်ဒိုင်လူကြီး ကိုလီနာက ဆောင်ရွက်သွားသည်။ ပေါ်တူဂီအသင်းတွင် ဖီဂိုတစ်ဦးတည်းသာ လှုပ်ရှားကစားသွားနိုင်သည်။ လျင်လျင်မြန်မြန်ကစားပြီး အဖြတ်အတောက်၊ အဖျက်အပိုကောင်းသော ဂရိတို့ကို ပေါ်တူဂီမယှဉ်နိုင်ဘဲ ဖြစ်ခဲ့ရသည်။

ပွဲအစ ၇မိနစ်မှာပင် ပေါ်တူဂီနောက်တန်းလူ ဘောလုံးအပေးမှားရာမှ ကာရာဂူအိုနစ် ဘောလုံးရပြီး ရှင်းရှင်းလင်းလင်း ကန်သွင်း၍ ဂရိ ပထမဂိုးရသည်။

ဒုတိယပိုင်း၌ ပေါ်တူဂီအသင်းတွင် ရော်နယ်ဒိုပါဝင်ကစားသည်။ ၅၁ မိနစ်၌ ဂိုးဧရိယာအတွင်း ရော်နယ်ဒိုက နောက်မှတိုက်လိုက်၍ ဒိုင်က ပိုင်နယ်တီပေးလိုက်ရာ ဘာစီနပ်စ်ကန်သွင်း၍ ဂရိ ဒုတိယဂိုး ရသွားသည်။

ပေါ်တူဂီအသင်းချေပဂိုးရရေး ဆက်တိုက်ဖိကစားနေရာ မိနစ် ၉၀ တွင် ထောင့်ကန်ဘောမှတစ်ဆင့် ရော်နယ်ဒို ခေါင်းတိုက်သွင်း၍ ပေါ်တူဂီ ဖြေသိမ့်ဂိုးရသွားသော်လည်း ဂရိအသင်းကိုပွဲအပြီး၌ နှစ်ဂိုး-တစ်ဂိုး ဖြင့် ရှုံးသွားရသည်။(က)အုပ်စု၌ ဂရိက သုံးမှတ်ရသွားသည်။

၁၃-၆-၂၀၀၄
ည ၁၀း၃၀နာရီ
ဆွစ်ဇာလန်နှင့်ခရိုအေးရှား

၁၄-၆-၂၀၀၄
နံနက် ၁း၁၅နာရီ
ပြင်သစ်နှင့် အင်္ဂလန်။

(ကြေးမုံ)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၆)ရပ်ကွက်၊ အင်း၀ ၁၉လမ်း၊ ၆၆၄(ခ)နေ ဦးကျော်ရှိန်နှင့် ဒေါ်တင်ငွေတို့၏သား

ဒေါက်တာခင်မောင်လတ် B.ScHons.M.Sc. Ph.D(NTU.Singapore)

ဒုတိယညွှန်ကြားရေးမှူးနှင့်ဌာနမှူး၊ စံသတ်မှတ်ရေးဌာန
မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပညာ့ဝတီရိပ်သာနေ ဦးမင်းနိုင်နှင့် ဒေါ်ကျင်မေတို့၏သမီး

ဒေါက်တာသန်းဆင့်နိုင် B.Sc Hons. M.Sc. Ph.D (YTU)

လက်ထောက်ညွှန်ကြားရေးမှူး၊ နည်းပညာမြှင့်တင်ရေးနှင့်
ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန

တို့သည် နှစ်ဖက်မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့မှောက်၌ (၁၂-၆-၂၀၀၄)စနေနေ့တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့် ဒေါက်တာခင်မောင်လတ်-ဒေါက်တာသန်းဆင့်နိုင်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမ၊ အမှတ်(၆၉)၊ ၄-၂နေ
ဦးစန်လှ-ဒေါ်ခင်ခင်စုတို့၏ တစ်ဦးတည်းသောသား

မောင်ဝင်းကိုဦး Diploma in Electrical (MAS)
TE Techniccom Electrical & Engineering SDN, BHD

နှင့်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်၇၂/၅(က)နေ
ဦးငွေလှိုင် (Physiotherapist) ကြည့်မြင်တိုင်အရိုးရောဂါကုဆေးရုံ(ငြိမ်း)-
ဒေါ်ခင်သန်းထွင့်တို့၏သမီးထွေး

မယင်းယင်းအိ B.Sc. (Botany)OV Container Line Ltd.

တို့သည် ၁၂-၆-၂၀၀၄(စနေနေ့)တွင် Central Hotel ၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝင်းကိုဦး-မယင်းယင်းအိ။

ကျေးဇူးဆပ်ပါမည်

၁၁-၆-၂၀၀၄နေ့တွင် မော်လမြိုင်-သထုံ ကားလမ်းတစ်နေရာ၌ Golf အိတ်နှစ်အိတ် ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

ဖုန်း-၆၆၇၀၄၃၊ ၆၆၇၀၉၆၊ ၀၉-၅၀၀၀၈၉၈၊ ၀၉-၅၀၀၀၈၉၉။

နိုင်ငံတကာပွဲအတွက် ရိုးရာလက်ဝှေ့လူရွေး ကျော်ဆန်းနှင့် ဝင်းထွန်း သရေကျ၊ နိုင်းဝမ်းလေး အနိုင်ရ

ရန်ကုန် ဇွန် ၁၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့၏ ကြီးကြပ်မှုဖြင့် နိုင်ငံတကာပွဲအတွက် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ လူရွေးလက်ရည်စစ်ပွဲကို ယနေ့ မွန်းလွဲပိုင်းက သုဝဏ္ဏပိုက်ကျော်ခြင်းအားကစားရုံ၌ စတင်ကျင်းပသည်။

သုံးချီ ကြားပွဲ လေးပွဲစတင်ကျင်းပရာ စိုင်းမောင်မောင် (ဒေါပုံ)နှင့် ဝင်းထွင့်(တွံတေး)တို့ ယှဉ်ပြိုင်ရာ ဝင်းထွင့်မှာ စိုင်းမောင်မောင်အား မည်သို့မျှ မယှဉ်နိုင်ဘဲရှုံးရသည်။ သိုးကောင်း (ပွဲကျောင်းသား)နှင့် သမိန်ရာဇာ (မလှိုင်)တို့ပွဲတွင်လည်း သမိန်ရာဇာ အရှုံးပေးရပြန်ပါသည်။ မိုးသဲလေး(တွံတေး)နှင့် နဂါးလေး(ဥက္ကံ)တို့ပွဲမှာသရေဖြစ်သွားသည်။ အောင်သူရ (တွံတေး)နှင့် သွေးရိုင်း(ပွဲကျောင်းသား) တို့မှာလည်း သရေပင်ဖြစ်သည်။

အထူးစိန်ခေါ်ပွဲ သုံးပွဲတွင် လိစ္ဆဝီ(ခ) စိန်ပန်း(တောင်ငူ)နှင့် ရွှေလင်းယုန်(တွံတေး)တို့ပွဲ တွင် လိစ္ဆဝီ အနိုင် ရသွားသည်။ ဇာတ်လိုက် (တောင်ကလေး)နှင့် စောဖွဲ့လေး (ထားဝယ်)တို့ပွဲ မှာ သရေဖြစ်ပြီး သားစစ်နိုင် (ပွဲကျောင်းသား)နှင့် မဲလေး (တောင်ကလေး)တို့မှာ လည်း သရေပင် ဖြစ်သွားသည်။

ဖယ်သာ ဝိတ်တန်း အတွက် လူရွေးပွဲတွင် ကျော်ဆန်း KLNနှင့် ဝင်းထွန်း(သစ်တော) တို့ ယှဉ်ပြိုင်ကြရာ ကျော်ဆန်းက ဖြောင့်လက်သီးများဖြင့် စသည်။

အသည်းမာမာ၊ဖွဲ့ပါပါဖြင့် အလူးအလဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသော ဖယ်သာဝိတ်တန်း လူရွေးပွဲဖြစ်သည့် ကျော်ဆန်း (KLN)နှင့်ဝင်းထွန်း(သစ်တော) တို့ပွဲတွင် ကျော်ဆန်း၏ ညာလက်သီး ဝင်းထွန်း၏ မေးဖျားကို ထိမှန်သွားစဉ်နှင့် ဝင်းထွန်းကလည်း ညာခြေဖြင့် ဤသို့ တုံ့ပြန်လိုက်စဉ်။
(ကြေးမုံ)

ဝင်းထွန်းက နောက်ဆုတ်ပေးပြီး ခြေဖြင့် ကျော်ဆန်း နံဘေးကို ကန်သည်။ ကျော်ဆန်း၏ ကိုယ်ခန္ဓာအလှည့်အပြောင်းမြန်၍ သာ တော်ပေ တော့သည်။ ဝင်းထွန်းက ပထမအချီ၊ ဒုတိယအချီ၌ အားပါသော ဝိုက်လက်သီးများကို သုံးသည်။ ကျော်ဆန်းကလည်း ပေါ့ပေါ့ပါးပါး တုံ့ပြန်နိုင်သည်။ သတ္တိချင်းတူသော လူငယ်နှစ်ဦးဖြစ်ကြသည်။ သုံးချီ ပြည့်ခါနီးတွင် ဝင်းထွန်းက ကျော်ဆန်းကို အားပါသော လက်သီးတစ်လုံး ပစ်သွင်းသည်။ ကျော်ဆန်း နောက်ဆုတ်နေ၍ လွတ်ထွက်သွားသည်။ ကျော်ဆန်းကလည်း ဘယ်ညာ ဝိုက်လက်သီးတွေ သုံးသည်။ ဝင်းထွန်းက နှစ်ဆင့်ကန်ချက်ဖြင့် ကန်သည်။ ဘယ်ညာဝိုက်လက်သီးနှစ်လုံးဖြင့် အားကုန်ဖိထိုးသည်။ ကျော်ဆန်းကမူ ပူးကပ်လိုက်တိုင်း ဒူးညွှတ်တိုက်သည်။ ရင်စုံကန်သည်။

စတုတ္ထ အချီတွင် ပြေးဝင်လာသော ဝင်းထွန်းမေးရိုးကို ကျော်ဆန်း၏ ပွဲကြိုလက်သီးက ကြိုဆိုတိုက်ခိုက်သဖြင့် ဝင်းထွန်း နောက်လန်သွားရသည်။ ယခုပွဲတွင်ကျော်ဆန်း(KLN)ကို ဝင်းထွန်း (သစ်တော) အပြတ် မဖြတ်နိုင်ခဲ့ပေ။ ဝင်းထွန်းမှာ လက်ရည်စစ်ပွဲမီရန် ကိုယ်အလေးချိန်ချနေ၍ မူလသဏ္ဌာန်ရင့် လက်ရည်များ ပျောက်သလိုဖြစ်နေသည်။ မည်သို့ပင်ဖြစ်စေ သရေပွဲနှင့် ပြီးဆုံးသွားရသည်။

လိုက် ဝယ်တာ ဝိတ်တန်း လူရွေးပွဲတွင် စောဇော်လွင် (KLN) နှင့် ရွှေခါးပတ်ချန်ပီယံ နိုင်းဝမ်းလေး(မြို့တော်စည်ပင်) တို့ ယှဉ်ပြိုင် ထိုးသတ်ကြရာ စောဇော်လွင်မှာ စလျှင်စချင်း တစ်ရှူးထိုးပြေးဝင်ပြီး ထိုးသည်။ နိုင်းဝမ်းလေးက စောဇော်လွင် တိုက်ကွက်ကို ကြဲ့ကြဲ့ခံပြီး၊ ဆတ်ခနဲ ဆတ်ခနဲထိုးချသည်။စောဇော်လွင်၏ အသားကုန် တိုက်ချက်များကို နိုင်ဝမ်းလေးက စောင့်၍ ကန်ခြင်း၊ ထိုးခြင်းပြုနေသဖြင့် စောဇော်လွင်မှာ လိုက်မမီဘဲ ပထမအချီ ၁ မိနစ် ၃၅ စက္ကန့်တွင် ခံဒိုင်ချုပ်က လက်ရည်မမျှ ဟု သတ်မှတ်ပြီး နိုင်းဝမ်းလေး (မြို့တော်စည်ပင်) ကို အနိုင်ပေးလိုက်၍ စော်ဇော်လွင် အရှုံးနှင့် ရင်ဆိုင်သွားရသည်။

ဇွန် ၁၃ရက် (ယနေ့) မြန်မာ့ရိုးရာ လူရွေးလက်ရည် စစ်ပွဲတွင် ချန်ပီယံသစ် ရွှေဆိုင်းနှင့် ချန်ပီယံဟောင်းဝမ်ချိုင်း ထိုးသတ်ယှဉ်ပြိုင်ကြမည်။ ရွှေဆိုင်းရှုံးလျှင် ချန်ပီယံသရဖူစွန့်ရမည်ဖြစ်ပြီး ဝမ်ချိုင်းနိုင်လျှင် ချန်ပီယံပြန်ဖြစ်ကာ ဂျပန်နှင့်ပွဲတွင် ယှဉ်ပြိုင် ထိုးသတ်ခွင့်ရရှိမည်ဖြစ်သည်။ (ကြေးမုံ)

ဇွန်၁၀ရက်က ကြည့်မြင်တိုင်မြို့နယ်၊ အထက်ကြည့်မြင်တိုင်လမ်း၊အမှတ်(၃၉)နေကွယ်လွန်သူ ဦးတင်အောင်၊ ဒေါ်တင်ကြည်၊သမီးဒေါ်တင် တင်အေးတို့အား ရည်စူး၍ ကိုလှမျိုး၊ မစန်းစန်းဝင်း မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကိုနှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့တွဲဖက် ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

ရွာရန်ရာနှုန်း(၈၀)

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။

ရွာရန်ရာနှုန်း(၈၀)ဖြစ်သည်။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာ ရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ် ဇွန်လအတွက်
(၁၃-၆-၂၀၀၄)ရက်
နှင့်
(၂၇-၆-၂၀၀၄)ရက်

တိုင်းဥပဒေအရာရှိ ခရိုင်ဥပဒေအရာရှိများနှင့် တွေ့ဆုံ

ရမည်းသင်း ဇွန် ၆

မန္တလေးတိုင်း ဥပဒေအရာရှိ ဦးမျိုးချစ်သည် ရမည်းသင်းခရိုင်အတွင်းရှိ ငါးမြို့နယ်မှ ဥပဒေအရာရှိများနှင့် ဇွန် ၄ ရက်က ခရိုင်ဥပဒေရုံးခန်းမ၌ တွေ့ဆုံကာ အမှုလိုက်ပါဆောင်ရွက်ခြင်းကိစ္စများ၊ ဥပဒေအကြံပေးခြင်းကိစ္စများနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စများကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ခရိုင်ဥပဒေအရာရှိ ဦးထွန်းခင်နှင့် ရမည်းသင်း၊ ပျော်ဘွယ်၊ တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေးမြို့နယ်များမှ ဥပဒေအရာရှိများ တက်ရောက်ကြသည်။

(အပေါ်ပုံ) (ခရိုင်ပြန်/ဆက်)

အောင်ပွဲရ ဘောလုံးအားကစားသမားများ ဂုဏ်ပြု

ဒေးဒရဲ ဇွန် ၉

၂၀၀၄ ခုနှစ် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား လေးမြို့နယ် အသက်(၁၇) နှစ်အောက် ဘောလုံးပြိုင်ပွဲ

အောင်ပွဲရ ဒေးဒရဲမြို့နယ်အသင်း အားကစားသမားများအား ဂုဏ်ပြုသည့် အခမ်းအနားကို ဇွန် ၆ ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးထိန်လင်းက ဂုဏ်ပြုအမှာစကား ပြောကြားပြီး အောင်ပွဲရ ဒိုင်းဆုဖလားကို အသင်းအုပ်ချုပ်သူနှင့် နည်းပြတို့က မြို့နယ်ဥက္ကဋ္ဌထံ ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက အောင်ပွဲရဘောလုံးအသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ဂုဏ်ပြုလက်ဆောင် အသီးသီးပေးအပ်ချီးမြှင့်သည်။ **(မြို့နယ်ပြန်/ဆက်)**

ရေနုတ်မြောင်းတူးဖော်

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့ရပ်ဝေရိယာများမှ ရေများ ရေစီးရေလာကောင်းမွန်ရေးအတွက် မေ ၂၈ ရက်က ရေနုတ်မြောင်းများ တူးဖော်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်ချင်းနှင့် အဖွဲ့ဝန်ထမ်းများ တိုင်းတာဆောင်ရွက်စဉ်။ (က–ပ)

ကျေးလက်ဒေသ စက်ရေတွင်းတူးဖော်

ခရမ်း ဇွန် ၃

ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ၌ ဒေသခံပြည်သူတို့ သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ခရမ်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ စက်ရေတွင်း ၄၁ တွင်းကို တူးဖော်ပေးခဲ့ပြီးဖြစ်သည်။ **(ဝဲပုံ)**

ကြီးကြပ်

ထို့ကြောင့် စက်ရေတွင်း တူးရန်ကျန်ရှိနေသေးသော ခမတ်ကျေးရွာတွင် နှစ်လက်မ၊ အနက်ပေ ၄၇၀၊ တစ်နာရီ ဂါလန် ၁၂၀၀ခန့် ထွက်ရှိသည့် စက်ရေတွင်းတူးဖော်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးနေမျိုးလင်းနှင့် လုပ်ငန်းခွင်တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကျော်စိုးတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။

(မြို့နယ်စည်ပင်)

ရွှေဝါနဒီပန်းခြံ စုပေါင်းသန့်ရှင်း

တာချီလိတ် ဇွန် ၃

တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ပိုင် ရွှေဝါနဒီပန်းခြံတွင် မေ ၂၈ ရက် နံနက်ပိုင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

သန့်ရှင်းရေး ဆောင်ရွက်ရာတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းတို့က ကြီးကြပ်ဆောင်ရွက်ကြကြောင်းသိရသည်။

(က–ပ)

သက်ဆိုင်သူများ ကန့်ကွက်လိုက ခြေမြုံကျေး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	[illegible]				[illegible]				[illegible]
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]	
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

သက်ဆိုင်သူများ ကန့်ကွက်လိုက ခြေမြုံကျေး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	[illegible]				[illegible]				[illegible]
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]	
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

ဝယ်လိုပါသည်

လက်ဆက်သော Halar

[illegible]

"ခင်" ကြက်အုနေ့ရောင်း

[illegible]

☎ [illegible]

အမည်ပြောင်းခြင်း

ဦးကြည်စိန်၏သား အထက(၁) မြောင်းမြ၊ သတ္တမတန်း(ခ)မှ မောင်နိုင်အောင်အား မောင်ထွန်းထွန်းဝင်းဟု ခေါ်ပါရန်။

မောင်ထွန်းထွန်းဝင်း။

အမည်ပြောင်းခြင်း

ဦးထွန်းအောင်ကျော်၏ သား ကိုအောင်ကျော်မိုး [၁၂/ဗတထ (နိုင်) ၀၁၈၀၆၂]အား ယနေ့မှစ၍ ကိုအောင်မိုးဟု ခေါ်ပါရန်။

ကိုအောင်မိုး။

အမည်ပြောင်းခြင်း

(အဘ) ဦးတင့်လွင်ဦး၏ သား ပျဉ်းမနားမြို့၊အလက(၁)ကန်နားကျောင်း၊ ပထမတန်းမှ မောင်သန်းထွဋ်အောင်အား ယနေ့မှစ၍ မောင်နေဦးလွင်ဟုပြောင်းလဲခေါ်ပါရန်။ **မောင်နေဦးလွင်။**

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ မောင်ကျော်[၆/မအရ(နိုင်)၀၂၇၉၇၁]သည် မိဘများ စိတ်ဆင်းရဲအောင် အမျိုးမျိုးအကြိမ်ကြိမ်ပြုလုပ်ခြင်းကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကိုလည်း လုံးဝတာဝန်ယူမည် မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးဟုတ်စိန်–ဒေါ်ရှုစု(မြိတ်)

၂၂၃၊ ၃–လွှာ၊ (B)ဗဟိုလမ်း

စမ်းချောင်းမြို့နယ်။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

(၁)Admin Manager ကျား (၁) ဦး
တက္ကသိုလ်တစ်ခုခုမှဘွဲ့ရ၊ အသက်(၃၅)နှစ်အထက်၊ အုပ်ချုပ်စီမံမှုအတွေ့အကြုံရှိရမည်။

(၂)Marketing Manager ကျား/မ(၂) ဦး
တက္ကသိုလ်တစ်ခုခုမှဘွဲ့ရ၊ အသက်(၃၅)နှစ်အတွင်း Marketingအတွေ့အကြုံရှိ၍ စကားပြောဆိုရည်မွန်သွက်လက်ပြီး ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရမည်။ ခရီးသွားလာနိုင်သူဖြစ်ရမည်။

(၃)Sale Manager ကျား/မ(၂) ဦး
တက္ကသိုလ်တစ်ခုခုမှဘွဲ့ရ၊ အသက်(၃၅)နှစ်အတွင်း လုပ်ငန်းအတွေ့အကြုံရှိ၍ စကားပြောဆိုရည်မွန်သွက်လက်ပြီး ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရမည်။ ခရီးသွားလာနိုင်သူဖြစ်ရမည်။

(၄)Driver ကျား (၃) ဦး
ယာဉ်မောင်းကျွမ်းကျင်၍ ယာဉ်မောင်းသက်တမ်းအနည်းဆုံး(၂)နှစ်ရှိပြီး အသောက်အစားကင်းသူဖြစ်ရမည်။

(၅)General Worker ကျား (၄) ဦး
အသက်(၂၂)နှစ်အတွင်း၊ အလုပ်ကိုကြိုးစားလုပ်ကိုင်လို၍ ကျန်းမာရေးကောင်းသူဖြစ်ရမည်။

လျှောက်ထားသူများသည် (၁)လအတွင်း ရိုက်ထားသော ပတ်စပို့အရွယ်ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံချက်၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ ကိုယ်ရေးရာဇဝင်အကျဉ်းတို့နှင့်တကွ **အဆောင်(၈၅)၊ အခန်း(၃)၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း**သို့ ကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း လျှောက်ထားပေးပို့ရပါမည်။

ကုက္ကိုင်းရေကူးအသင်း
နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃-၂၀၀၄)ခုနှစ် ဖိတ်ကြားလွှာ

ကုက္ကိုင်းရေကူးအသင်း၏ ၂၀၀၃-၂၀၀၄ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် (က)အသင်းဝင်တိုင်း မပျက်မကွက်ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀-၆-၂၀၀၄(တနင်္ဂနွေနေ့)
အချိန် - နံနက် (၉:၀၀)နာရီ
နေရာ - အသင်းခန်းမ

အမှုဆောင်ကော်မတီ၏ ၂၀၀၃-၂၀၀၄ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ ငွေစာရင်းရှင်းတမ်းပါ အချက်အလက်များနှင့် အခြားအကြံပြု ဆွေးနွေးလိုသောအချက်များကို ၁၃-၆-၂၀၀၄(တနင်္ဂနွေနေ့) ညနေ(၄)နာရီ နောက်ဆုံးထား၍ ရုံးအဖွဲ့သို့ စာဖြင့်ကြိုတင်ရေးသား ပေးပို့နိုင်ပါသည်။

တက်ရောက်သည့် (က)အသင်းဝင်တိုင်းအတွက် နေ့လယ်စာဖြင့် ဧည့်ခံပါမည်။ ကံစမ်းမဲလည်းစီစဉ်ထားပါသည်။

အမှုဆောင်ကော်မတီ
ကုက္ကိုင်းရေကူးအသင်း။



ကျွမ်းကျင်ဝန်ထမ်းများအလိုရှိသည်
(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

ငပလီကမ်းခြေရှိ Amata Resort & Spa, Ngapali တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိပါသည်။

(၁) Admin Manager ကျား (၁) ဦး
(အသက် ၃၀ မှ ၄၅နှစ်အတွင်း)
(၂) Front Office Manager ကျား/မ (၁) ဦး
(၃) Assistant Front Office Manager ကျား/မ (၁) ဦး
(၄) Duty Manager ကျား/မ (၁) ဦး
(၅) Food & Beverage Manager ကျား (၁) ဦး
(၆) Assistant Food & Beverage Manager ကျား (၁) ဦး
(၇) Sales & Marketing Executive ကျား/မ (၁) ဦး
(၈) Chief Engineer (B.E / A.G.T.I) ကျား (၁) ဦး

လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိရမည်။

အမှတ်စဉ်(၁)မှ (၇)အတွက် ရုပ်ရည်ပြေပြစ်သူ၊ အပြောအဆို သွက်လက်ယဉ်ကျေးသူ ဖြစ်ရမည်။ အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းစီမံခန့်ခွဲမှုကျွမ်းကျင်ပြီး အင်္ဂလိပ်ဘာသာ အရေး၊ အပြော တတ်ကျွမ်းသူဖြစ်ရမည်။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ (၁)လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းမိတ္တူ၊ လုပ်ငန်းအတွေ့အကြုံမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက် လျှောက်ထားနိုင်ပါသည်။

United International Group Ltd.
အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်၊ ရန်ကင်းဓာတ်ဆီဆိုင်အနီး၊ ရန်ကင်းမြို့နယ်။
Tel: 542535, 544736, 559292.

လက်ထပ်ပြီးစီးခြင်း

ရွှေဘိုမြို့၊ ထူထောင်ရေးရပ်ကွက်နေ
ဦးတင်စိန်(RTC၊ ငြိမ်း)-(ဒေါ်တင်တင်)တို့၏သား
မောင်မြင့်အောင်ကျော်
A.G.T.I(Electronic), B.Sc(Physics)
(မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ကျောက်တံတား၊ ပန်းဘဲတန်းမြို့နယ်)
နှင့်
ကသာမြို့၊ အမှတ်(၂)ရပ်ကွက်နေ
(ဦးတင်ရွှေ)-ဒေါ်စန်းမြင့်(စိန်စန်းမြင့်ပွဲရုံ)
တို့၏တတိယသမီး
မဖြူဖြူခိုင်

တို့သည် ၁၂-၆-၂၀၀၄(စနေနေ့) ကသာမြို့၊ အမှတ်(၂)ရပ်ကွက်၊ ယူနန်ဘုံကျောင်းမင်္ဂလာခန်းမတွင် လက်ထပ်ပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့် မောင်မြင့်အောင်ကျော်-မဖြူဖြူခိုင်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအစီအစဉ်ဖြင့် နယ်စပ်ဒေသများတွင် တပ်ဆင်အသုံးပြုရန်အတွက် လိုအပ်သော ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ဒေသများတွင် တပ်ဆင်အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက် စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
(က) 10 W TV TRAMSMITTER COMPRISING
(ခ) 50 W TV TRAMSMITTER COMPRISING
(ဂ) 100 W TV TRAMSMITTER COMPRISING
(ဃ) 10 W TV TRAMSMITTER WITHOUT TOWER

၂။ တင်ဒါပေးသွင်းမှုကို ၁၄-၆-၂၀၀၄ရက်မှ ၂၅-၆-၂၀၀၄ရက်နေ့ ညနေ(၄:၃၀)နာရီအတွင်း ပေးသွင်းရန်နှင့် တင်ဒါပုံစံနှင့် လိုအပ်သောအချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်များဝယ်ယူရေးကော်မတီ
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီးများရုံး၊
သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။ ဖုန်း-၃၇၀၈၉၈။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

1. Project Engineer A.G.T.I(E.C) / B.E (E.C) ကျား ၁ ဦး
2. System Engineer B.C.Sc / B.E (E.C) ကျား/မ ၂ ဦး
3. Senior Sales Executive ဘွဲ့ရ ကျား/မ ၂ ဦး
4. Sales Executive ဘွဲ့ရ ကျား/မ ၂ ဦး

ရာထူး	အသက်	လုပ်သက်	ကျွမ်းကျင်မှု
1 နှင့် 2	၃၀-၄၀နှစ်	၂-၃နှစ်	အင်္ဂလိပ်စာ ရေး/ပြောနှင့် Computer HW/ SW
3 နှင့် 4	၂၀-၃၅နှစ်	၁-၂နှစ်	ရုပ်ရည်သန့်ပြန့်/PCကျွမ်းကျင်/ Knowledge in IT Industrics

လျှောက်လွှာများကို အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ အောက်ဖော်ပြပါလိပ်စာသို့ ကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း လာရောက် လျှောက်ထားနိုင်ပါသည်။

Room. 707/708, 7th Flr, Myaing Hay Wun Condo, Tower B, Junction 8, Mayangone Tsp.
Ph:662191/ 707373/ 650774-5-6 (Ext:707)

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရိပ်သာ၊ တိုက်(၁၄)၊ အခန်း(၇)နေ
ဗိုလ်ချုပ်အောင်ခင်(ငြိမ်း)-ဒေါ်ခင်နုတို့၏မြေး
ဦးမြင့်အောင်-ဒေါ်သင်းသင်းနုတို့၏တစ်ဦးတည်းသောသား
မောင်အောင်မျိုးထက်
B.Sc(Hons:)Computing & Information Systems(U.K)
Sun Certified Enterprise Architect (U.S.A)
Analyst Programmer
UN Volunteers Specialist, UNDP (Sri Lanka)
နှင့်
ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်(ခ)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၃၉)နေ
(ဦးကျင်မောင်)-ဒေါ်ကျင်မွှေးတို့၏မြေး
ဦးမောင်မောင်-ဒေါ်ကျင်တုတ်တို့၏တစ်ဦးတည်းသောသမီး
မသန္တာဦး
B.C.Sc(Hons:), Sun Certified Programmer (U.S.A)
Senior Programmer, Forever Group Co.,Ltd.

တို့အား ၃-၆-၂၀၀၄ရက်တွင် ဗဟိုတရားရုံးချုပ်၌ ထိမ်းမြားမင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်အားလည်းကောင်း၊ ၁၂-၆-၂၀၀၄ရက် Summit Park View Hotel ၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသောအဘိုး ဗိုလ်ချုပ်အောင်ခင်(ငြိမ်း)နှင့်အဘွား ဒေါ်ခင်နုတို့အားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ရပ်ဝေးမှ မင်္ဂလာလက်ဆောင်ပေးပို့ ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မောင်အောင်မျိုးထက်-မသန္တာဦး။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ လမ်းသစ်၊ အမှတ်(၆/၄)နေ
ဦးကျော်စိန် - ဒေါ်ရင်ကြိုင်တို့၏သား
မောင်အောင်မျိုးမြင့် B.E(Mechanical)
နှင့်
ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ စပယ်ခြံ(၃)လမ်း၊ အမှတ်(၁၅၉/က)နေ
ဦးစိုးကြည် - ဒေါ်စိန်တင်တို့၏သမီး
မယဉ်ယဉ်ဌေး B.Sc (Geology)Q, Dip. in French(UFL)

တို့သည် နှစ်ဖက်သော မိဘများ၏ သဘောတူခွင့်ပြုချက်အရ ၂၆-၅-၂၀၀၄နေ့တွင် လက်ထပ်ပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့် မောင်အောင်မျိုးမြင့်-မယဉ်ယဉ်ဌေး။

Kruwa Namtip
THAI FOOD RESTAURANT

တစ်ခဲနက် ကြွရောက်အားပေးကြသော
လူကြီးမင်းများအတွက်
"ထိုင်းအရသာစစ်စစ်"
အထူးဟင်းလျာ(အသစ်)များကို
ဈေးနှုန်းချိုသာစွာဖြင့် သုံးဆောင်နိုင်ပါပြီ။
KM(မိသားစု)
ရေစက်ဝင်း၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊
ဖုန်း-၇၂၂၈၇၆။

လူပျောက်ကြော်ငြာ

မောင်သန့်ဇင်ဦး (ခ) တီတီး [၁၂/လသန(နိုင်)၀၁၈၇၁၅] အဖေနေမကောင်းဖြစ်နေ၍ ရောက်ရာအရပ်မှ အမြန်(အမြန်) ပြန်လာပါ။

ဖေကြီး - ဦးကျော်ဦး (ဦးယုံဖူ)
ကိုကို - ထွန်းထွန်းဦး

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရောဝတီတိုင်း၊ ပန်းတနော်မြို့နယ်၊ ဒေါင့်ကြီးကျေးရွာနေ
ဦးမောင်မောင်သန်း–ဒေါ်ခင်ညိမ်း(မိဘမေတ္တာကားလုပ်ငန်း)တို့၏ သားကြီး
မောင်အောင်မျိုးမြတ် B.Sc (Zoology) နှင့်
ရောဝတီတိုင်း၊ ပန်းတနော်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
အမှတ်(၁၄၆)နေ
ဦးတင်စိုး–ဒေါ်မြမြအေး(မင်္ဂလာဆေးဆိုင်)တို့၏ ဒုတိယသမီး
မမေရှုပါစိုး B.A(Myanmar), Q
တို့ကို မိဘတို့ဝတ္တရားရှိသည်နှင့်အညီ ၁၂–၆–၂၀၀၄ရက်နေ့တွင် ထိမ်းမြား မင်္ဂလာ ဆောင်နှင်းပြီးဖြစ်ပါကြောင်း။
နှစ်ဖက်သောမိဘများနှင့် မောင်အောင်မျိုးမြတ်–မမေရှုပါစိုး။

ဝန်ထမ်းအလိုရှိသည်

MO MO BEAUTY PARLOR GROUP

☎ – 098020953

(၁၅)နှစ်မြောက်မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးကျော်သက်** (Sun Rise Engineering)နှင့် ချစ်မေမေ **ဒေါ်ဝင်းဝင်းနိုင်**တို့၏ ၁၀–၆–၂၀၀၄နေ့တွင် ကျရောက်ခဲ့သော မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတု တိုင်အောင် ချစ်သော သမီးများနှင့်အတူ ဘဝခရီးလမ်းတစ်လျှောက် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ ပျော်ရွှင်စွာဖြင့် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ချစ်သမီးကြီး – ကေခိုင်ကျော်သက်
(IX S အထက–၂၊ ဗဟန်း)
ချစ်သမီးလတ် – မေပွင့်ကျော်သက်
(V° ကျောက်စိမ်း အထက–၂၊ ဗဟန်း)
ချစ်သမီးငယ် – သွင်ဟန်ရှင်းကျော်သက်

အများသိသာရန် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ လမ်း(၁၄၀)၊ အမှတ်(၄၁)ဟုမည်တွင်သည့် မြေနှင့်အဆောက်အအုံသည် ဒေါ်မြရင်နှင့် မတ်ဖြစ်သူ ဦးမြင့်စိန်တို့မှ အမည်ပေါက် ပိုင်ဆိုင်ပါသည်။

ဒေါ်မြရင်နှင့် မတ်ဖြစ်သူ ဦးမြင့်စိန်တို့ ကွယ်လွန်သည့်အခါ အချင်းဖြစ်မြေနှင့် ကန်ထရိုက်တိုက် တတိယလွှာ၊ ညာဘက်ခန်း၊ အခန်းအမှတ်(၆)နှင့် စတုတ္ထလွှာနှစ်ခန်း၊ အခန်းအမှတ်(၇၊ ၈)တို့ကို ကျွန်ုပ်၏အမှုသည်များဖြစ်ကြသည့် ဒေါ်မြရင်၏ သားသမီးများနှင့် ဦးမြင့်စိန်၏ သမီးနှစ်ဦးတို့မှ အမွေဆက်ခံပိုင်ဆိုင်ကြပါသည်။

အများသိသာရန် ကြေညာအပ်သည်မှာ ယင်းတိုက်ခန်း(၃)ခန်းနှင့် မြေတို့သည် အမွေဆိုင်ပစ္စည်းများဖြစ်၍ အမွေဆိုင်အားလုံး၏ သဘောတူညီမှုမရှိဘဲ တစ်ဦးတစ်ယောက်တည်းသဘောဖြင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်စုံတစ်ရာ လွှဲပြောင်းခြင်း ပြုလုပ်ပိုင်ခွင့်မရှိကြောင်းနှင့် အကယ်၍ တစ်ဦးတစ်ယောက်က ပြုလုပ်ပါက ၎င်း၏တာဝန်သာဖြစ်မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

(ဒေါ်နီနီသိန်း၊ ဒေါ်သူဇာသိန်း၊ ဒေါ်အေးအေးခိုင်၊ ဒေါ်စုစုဝင်းနှင့် ဒေါ်လှလှမူ၏ သားသမီးတို့မှ လွှဲအပ်ချက်အရ)
ဦးဇော်ဝင်းလှိုင် B.A(Law)LL.B,
Advocate 1329
၅/က၊ ဒုတိယထပ်၊ အမှတ်(၅၀)၊ ဘဏ်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း–၅၇၇၈၃၁။

DYSENZI

FAME

ဝမ်းကိုက်ပျောက်ဆေး

လူငယ် သူငယ်ချင်းပရိသတ်များ အားလုံးအတွက်

ဖိုင်ဘက်

TAPE, CD IN STORES NOW!

အနုဂ္ဂ၊ ဘာဘူ

Featuring : အဲလက်စ်၊ ရည်မွန်၊ ရတနာ၊ သဇင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

